မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၇)၊ အမှတ် (၁၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ကြေညာချက်အမှတ်၊ ၄/ ၂၀၀၇ ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ကြေညာချက် အမှတ် ၄/၂၀၀၇ ကို ၂၀၀၇ခုနှစ် အောက်တိုဘာလ ၁၂ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

ကြေညာချက်အမှတ်၊ ၄/၂၀၀၇

၁၃၆၉ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် (၁၂–၁၀–၂၀၀၇)ရက်နေ့တွင် ကွယ်လွန်သွားပြီးဖြစ်၍ ၎င်း၏ရုပ်ကလာပ်ကို (၁၄–၁၀–၂၀၀၇)ရက်နေ့ ၁၄:၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံ စစ်သင်္ချိုင်း၌ နိုင်ငံတော်ဈာပနအခမ်းအနားဖြင့် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ (၁၂–၁၀–၂၀၀၇) ရက်နေ့မှ (၁၄–၁၀–၂၀၀၇) ရက်နေ့အထိ (၃)ရက်တာကာလကို ဝမ်းနည်းကြောင်းအထိမ်းအမှတ်ကာလအဖြစ် သတ်မှတ်လိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို တစ်ဝက်လွှင့်ထူရန် ကြေညာလိုက်သည်။

အမိန့်အရ

(ပုံ) သန့်ရှင်း

(ဗိုလ်မှူးကြီး)

အတွင်းရေးမှူး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

ပြည်သူတို့လိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး လက်တစ်ကမ်းအလိုရောက်ရှိနေချိန် ပြည်တွင်း ပြည်ပ အခါတော်ပေးနှင့် ပြည်ပအသံလွှင့်ဌာနအချို့တို့၏ လုပ်ကြံပြောဆိုမှုများသည် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေး အဟန့်အတားများဖြစ်

တစ်မျိုးသားလုံး၏ရည်မှန်းချက်ပန်းတိုင်ကို နှောင့်ယှက်ဖျက်ဆီးနေသူများအား တွန်းလှန်ဖြိုဖျက်

နေပြည်တော် အောက်တိုဘာ ၁၃

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ရက် နံနက် ၇နာရီ မိနစ်၄၀တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီးအနီးရှိ ဧည့်ဝတီအားကစားကွင်း၌ ရခိုင်ပြည်နယ်မှ မြို့မိမြို့ဖများက ဦးစီး၍ ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

ပြည်ပန်းညို ချိုချင်ပါလျက် ဆားက မဖျက်နိုင်ရအောင်

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ပြည်သူကတော့ ပြည်ပမီဒီယာများရဲ့ အမှန်ကို အမှားလုပ်၊ တစ်စိတ်ကို တစ်အိတ်ဖြစ်အောင် ချဲ့ကားပြီး သွေးထိုးပုတ်ခတ်စွပ်စွဲမှုတွေကို လုံးဝအလေးမထားတော့ပါဘူး။ ကိုယ့်အစိုးရနဲ့ ကိုယ့်ပြည်သူကပဲ ကိုယ့်နိုင်ငံအကျိုးကို လိုလားမှာဖြစ်ပြီး ကိုယ့်အစိုးရနဲ့ ကိုယ့်ပြည်သူကပဲ ကိုယ့်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးဖော်ဆောင်ကြရမှာဖြစ်တယ်ဆိုတာ အတွေ့အကြုံကပေးတဲ့ သင်ခန်းစာတွေနဲ့ ပြည့်ဝပြီးခဲ့ပါပြီ။ ဒါကြောင့် အဘက်ဘက်က ထိုးနှက်နေပေမယ့်၊ သွေးထိုးလှုံ့ဆော်နေပေမယ့် ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးက တည်ဆဲအစိုးရအပေါ် အပြည့်အဝ တစ်ခဲနက် ထောက်ခံယုံကြည်လျက်ရှိကြပါတယ်။

ကျော်မင်းလူ(ရွှေပြည်သာ)၏ ဆောင်းပါး (စာ ၄ နှင့် ၅) တွင်ဖတ်ရှုနိုင်ပါသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားကို မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများဖြစ်ကြသည့် ရခိုင်၊ မြို(ခေါ်)ခမိ၊ သက်နှင့် ဒိုင်းနက် တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သူနာပြုများ၊ ရခိုင်စည်တော်အဖွဲ့၊ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးမှ ပြည်သူများနှင့် ဒေသခံပြည်သူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

14-10 (01) 1 10/14/07, 2:20 AM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်)

တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရေး လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဖော်ဆောင်

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့ ပိုမိုမြင့်မား တိုးတက်စေသည်။ နိုင်ငံတစ်ဝန်း ရထားလမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးသွားလာမှုလွယ်ကူကာ လူမှုစီးပွားဘဝ ပိုမိုပြည့်စုံစေပြီး တိုင်းရင်းသားညီအစ်ကိုများအကြား စည်းလုံးညီညွတ်မှုအင်အားကို မြင့်မားခိုင်ကျည်စေခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတောင်ပိုင်း ထားဝယ်မြို့မှ မြောက်ပိုင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့အထိ ရထားစီး၍ ခရီးဆန့်နိုင်ကြပြီဖြစ်သည်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှည် ၃၂၂မိုင် ရှိသော ကြံခင်း-ပခုက္ကူရထားလမ်းကိုလည်း တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ပြီးစီးသွားပါက ဧရာဝတီတိုင်း ပုသိမ်မြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့အထိ ရထားဖြင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြမည်ဖြစ်သည်။

ယင်း ကြံခင်း-ပခုက္ကူ ရထားလမ်းကို ကြံခင်း-ဥဿျှစ်ပင်၊ ဥဿျှစ်ပင်-သရက်၊ သရက်-မင်းဘူး၊ မင်းဘူး-စလင်းနှင့် စလင်း-ပခုက္ကူစသည်မြို့များကို ဖြတ်သန်းဖောက်လုပ်လျက်ရှိရာ ၄၀ဒသမ၅မိုင်ရှိ ကြံခင်း-ဥဿျှစ်ပင် လမ်းပိုင်းကို မကြာမီဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဖောက်လုပ်လျက်ရှိသည်။

စစ်ကိုင်းတိုင်း ချောင်းဦးမှ စတင်ခဲ့သည့် ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းမှာ ၂၇၇မိုင်ကျော် ရှည်သည်။ အဆိုပါရထားလမ်းပိုင်း၏ ကျောနှင့် ရေမျက်နှာအကြား ပုံညာတောင်တန်းကြီး တားဆီးနေမှုကို ဥမင်လိုဏ်ဖောက်လုပ်နိုင်ခြင်းဖြင့် ခရီးပေါက်သွားခဲ့ပြီဖြစ်သည်။ အဆိုပါ ရထားလမ်းသည် မကွေးတိုင်း ဧရာဝတီမြစ်အနောက်ဘက်ခြမ်းမြို့များကို ဖြတ်ကျော်ပြီး ချင်းပြည်နယ်၏ မြောက်ပိုင်းတံခါးပေါက်ဖြစ်သော ကဘော်ချိုင့်ဝှမ်းဒေသ ကလေးမြို့အထိရောက်အောင် ဆက်သွယ်ပေးထားသည့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုကို မဏ္ဍိုင်ပြုထားသော ရထားလမ်းကြီးတစ်ခုပင် ဖြစ်သည်။

နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ရထားနှင့်ကားလမ်း အပါအဝင် တံတားကြီးများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးစည်ပင်တိုးတက်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သီတင်းကျွတ် အထူးတရားစခန်းပွဲ

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီးနှင့် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ညောင်ကုန်းကျောင်းတိုက် မိုးကုတ်ရိပ်သာတို့၌ သီတင်းကျွတ်လဆန်း၆ရက်မှ ၁၅ရက် (အောက်တိုဘာ၁၇ရက်မှ ၂၆ရက်အထိ) ပြည်တွင်းပြည်ပသာသနာပြု ဓမ္မကထိက အောင်စကြာအရှင်စန္ဒသိရီ(ဓမ္မာစရိယ)နှင့် မိုးကုတ်ဓမ္မကထိက ဆရာကြီးဦးဆန်းတင်တို့က ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈၊၀၉-၅၁-၄၇၃၈၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁၀-၂၀၀၇
(တနင်္ဂနွေနေ့)

AM & PM

၇:၀၀	-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	-၁:၀၅	"လမ်းသုံးသွယ်"တရားတော် (ဆရာတော် ရှင်သီလဝံသ)
၇:၄၅	-၁:၄၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈:၄၀	-၂:၄၀	တေးဂီတအစီအစဉ်
၈:၄၅	-၂:၄၅	ရွှေချစ်သူတို့အတွက် ရွှေမိတ်ဆက်ကဏ္ဍ(၂)
၉:၀၅	-၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	-၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀	-၃:၂၀	မြန်မာ့ဆေးဖက်ဝင် အမည်ဆန်း"တပင်တိုင်မြနန်း"
၉:၅၀	-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅	-၃:၅၅	Yangon Panorama (Bosch Bettery)
၁၀:၁၀	-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၂၀	-၄:၂၀	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၀:၃၅	-၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀	-၄:၄၀	ကလောဈေးနေ့
၁၀:၅၀	-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅	-၅:၀၅	Euro Goals
၁၁:၃၅	-၅:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	-၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀	-၅:၅၀	အရိုးပါးရောဂါ ကာကွယ်ခြင်းနှင့် စားသုံးသင့်သော အာဟာရ (ပါမောက္ခ ဒေါက်တာနေဝင်း၊ ဒေါက်တာလှကြည်)
၁၂:၂၅	-၆:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀	-၆:၃၀	နိုင်ငံတကာ အနုပညာရေးရာ
၁:၀၀	-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် စမ်းချောင်းမြို့နယ် မြေနီကုန်းဈေးလမ်း ၆၂-၄(က)နေ ဦးလှသွင်-ဒေါ်တင်ကြည်မိသားစုက ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသန်းလွင်နှင့် ဦးမောင်လှိုင်တို့က လက်ခံယူသည်။ **(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၄-၁၀-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ငှက်ကလေးရဲ့ဦးတည်ရာ**

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၀	၁၂။	လျှပ်တစ်ပြက်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း-၁၆)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်းချိန်** (အပိုင်း-၃၄)

မိဘနှစ်ပါးနှင့် ညီဖြစ်သူ မောင်လှိုင်ဝင်းတို့အား ရည်စူး၍ အမှတ် (၅၉) ဝါးခယ်မလမ်း လင်းလွန်းတောင်ရပ်ကွက် စမ်းချောင်းမြို့နယ်နေ ဒေါ်စန်းစန်းရီ၊ ဦးမြင့်သန်း၊ ဦးအောင်မြင့်၊ ဦးမြင့်စိန်၊ ဦးလှဝင်းနှင့် မိသားစုများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်နှင့် မျက်စိအတွင်းထည့်မှန်ဘီလူးတို့အတွက် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံစဉ်။

(က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ ရန်ကုန်မြို့ရှိ သံအမတ်ကြီးများ ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် အောက်တိုဘာ ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၂၀၀၇ခုနှစ် အောက်တိုဘာ၁၂ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်ရုံး အဆောက်အအုံမုခ်ဦးဆောင်၌ ဖွင့်လှစ်ထားရှိရာ ယနေ့အောက်တိုဘာ ၁၃ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Noel C.Cabrera မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

Phany၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. Sou PHAKHET၊ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Youssef Kamal Botros Hanna၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Noel C. Cabrera၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Mohammed Khairuzzaman၊ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail M. MGELADZE၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Tran Van Tung၊ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato Shaharuddin Bin Md. Som၊ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Joseph Davis၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Datu Inderasugara Brig-Gen(B) Dato Paduka Haj, Mohammad Yusof bin Abu Bakar နှင့် ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki NOGAWA၊ ပါကစ္စတန်အစ္စလမ္မစ်သမ္မတ နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Habibu-Rehman နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Philemon Arobaya တို့သည် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လာရောက်၍ ဝမ်းနည်းကြောင်း အထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Bhaskar Kumar Mitra မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Tran Van Tung မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနား မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

(၄၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီတွင် ကရင်ပြည်နယ် မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပခဲ့ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်တက်ရောက်ခဲ့သည်။ ထို့နောက် မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးက လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင်များနှင့် မှုခင်းကျဆင်းရေး၊ ဥပဒေစိုးမိုးရေး တို့တွင် အားတက်သရော ကူညီဆောင်ရွက်သူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၄-၁၀-၂၀၀၇ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဉတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ပြိုင်းချောင်းရေလှောင်တမံ
- ၈:၁၅ ၈။ တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Say it in English
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ မြန်မာဗီဒီယိုဇာတ်လမ်း **ဖူးစာမှန်၍** ခန့်စည်သူ၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ-အေးကျော်)
- ၁၃:၃၀ ၅။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ပြေးခုန်ပစ်)
- ၁၃:၄၅ ၆။ အဆိုပြိုင်ပွဲ
- ၁၃:၅၅ ၇။ လှပဝင့်ကြွား ဖောင်တော်ကြီး ဆိပ်ခံတံတား
- ၁၄:၀၅ ၈။ အတီးပြိုင်ပွဲ
- ၁၄:၂၀ ၉။ တေးဂီတအစီအစဉ်
- ၁၄:၃၅ ၁၀။ **ဇင်ဇင်နှင့် ခြင်ကျား** ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
- ၁၄:၄၅ ၁၁။ International News
- ၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ ဆောင်းပါးရှင်သံအိမ့်မှူး၏ **"ပန်းတိုင်က လက်တစ်ကမ်းမှာ"**
- ၁၆:၃၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(အရှေ့တိုင်းပညာ အထူးပြု)[အရှေ့တိုင်းပညာ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၀ ၆။ **၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ ၁၅-၂၀နှစ်] (အမျိုးသား/အမျိုးသမီး)**
- ၁၇:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ သီရိဂေဟာ
- ၁၉:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်**(အပိုင်း-၆၇)
- ၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စရာ့ပျိုကညာ** (အပိုင်း-၁၂)
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

14-10 (03) 1 10/14/07, 2:20 AM

ပြည်ပန်းညိုချိုချင်ပါလျက် ဆားက မပျက်နိုင်ရအောင်

ကျော်မင်းလူ
(ရွှေပြည်သာ)

Tourist Visa နဲ့ ဝင်လာခဲ့သူတစ်ဦးဟာ Tourist တစ်ဦးလိုသာ နေရမှာပါ။ အဲဒီလိုသာနေခဲ့မယ်ဆိုရင် အခုလို ဝမ်းနည်းဖွယ်ကောင်းတဲ့ ဖြစ်ရပ်ဟာ ဘယ်လိုမှ ဖြစ်လာစရာ အကြောင်း မရှိပါဘူး။ Tourist Visa နဲ့လာပြီး Journalist အလုပ်ကို မရိုးမဖြောင့်လုပ်ခဲ့လို့သာ ဒီလိုဖြစ်ရတာပါ။ တကယ် Journalist အလုပ်ကို လုပ်ချင်တယ်ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနက တစ်ဆင့် ခွင့်တောင်းပြီး တရားဝင်လာသင့်ပါတယ်။ ဒါဆိုရင် အခုလို ဖြစ်စရာ မရှိတဲ့အပြင် သက်ဆိုင်ရာနိုင်ငံအစိုးရရဲ့ ပံ့ပိုးကူညီမှုကိုပါ ရဦးမယ်ထင်ပါတယ်။

နိုင်ငံတော်အတွင်း ပြီးခဲ့တဲ့လကုန်ပိုင်းက ဖြစ်ပွားခဲ့တဲ့ ဆူပူအကြမ်းဖက်မှုများကို နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက ထိန်းသိမ်းဆောင်ရွက်ရာမှာ ဂျပန်ဓာတ်ပုံ သတင်းထောက် ကင်ဂျီနာဂါအိဆိုသူ မတော်တဆ သေဆုံးခဲ့တယ်ဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ အမှန်တကယ်ကို စိတ်မကောင်းစရာ ကိစ္စပါပဲ။ အဲဒီဂျပန်နိုင်ငံသား သေဆုံးပြီးနောက်မှာ ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးနဲ့ အဖွဲ့ရောက်လာပြီး တာဝန်ရှိသူဝန်ကြီးအချို့နဲ့ တွေ့ဆုံသွားခဲ့တာလည်း သတင်းထုတ်ပြန်ပေးလို့ ကျွန်တော်တို့သိခဲ့ပြီးပါပြီ။ **ကျွန်တော်တို့နိုင်ငံက တာဝန်ရှိသူများအနေနဲ့လည်း မတော်တဆဖြစ်ရပ်အတွက် များစွာစိတ်မကောင်းဖြစ်ရတယ်ဆိုတာကို အကျိုးသင့် အကြောင်းသင့် ရှင်းပြခဲ့ကြမှာပါ။ ပင်ကိုစိတ်ထားကိုက နူးညံ့ပြီး သနားကြင်နာတတ်တဲ့၊ ကိုယ်ချင်းစာတတ်တဲ့ နှလုံးသားပိုင်ရှင် မြန်မာလူမျိုးများပီပီ ကိုယ့်နိုင်ငံကိုလာတဲ့ ဧည့်နိုင်ငံသားတစ်ယောက် ဒီလိုဖြစ်ရတယ်ဆိုတာ ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။**

ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ သွေးရိုးသားရိုး မတော်တဆဖြစ်ရပ်၊ တိုက်တိုက်ဆိုင်ဆိုင် ကံဆိုးပြီးဖြစ်သွားရတဲ့ကိစ္စလို့သာ ရိုးရိုးသားသား ရှုမြင်ခံယူခဲ့ကြပါတယ်။ တကယ့်ဖြစ်စဉ်အမှန်ကလည်း ရိုးရိုးလေးပါပဲ။ ဒါပေမယ့် ဒီကိစ္စကိုပဲ တစ်ဖက်အသံလွှင့်ဌာနတွေက မရိုးမသား၊ မဖြောင့်မမှန် ပြောလာဆိုလာ စွပ်စွဲလာတာတွေ ကြားလာရပြန်တော့ ကျွန်တော်တို့ ဘယ်လိုမှစိတ်မကောင်းနိုင်ပါဘူး။ ရန်ကုန်မြို့လမ်းပေါ်က ဆန္ဒပြပွဲတွေမှာ သတင်းယူနေတဲ့ အသက်(၅၀) အရွယ်ဂျပန်သတင်းထောက် ကင်ဂျီနာဂါအိကို စစ်သားတစ်ယောက်က အနီးကပ်ပစ်သတ်လိုက်တဲ့အကြောင်း၊ နာဂါအိဟာ လဲကျသွားတဲ့ကြားထဲကပဲ သူ့ညာဘက်လက်ထဲမှာဆုပ်ထားတဲ့ ကမ်ကော်ဒါကင်မရာကို ထောင်ပြီးတော့ ဆက်ပြီးရိုက်ဖို့ ကြိုးစားသေးတဲ့အကြောင်း၊ သတင်းထောက်မှန်းသိလို့ တမင်သက်သက်ပစ်သတ်တာဆိုရင်တော့ မြန်မာအစိုးရဟာ လူထုအတွက် သတင်းလမ်းကြောင်းကို မလိုမုန်းထားရှိတယ်လို့ ဆိုရမှာဖြစ်ကြောင်း တမင်သက်သက် ဓာတ်မနာနာအောင် ချဲ့ကားရင်း သေဆုံးသူ ဂျပန်နိုင်ငံသားအတွက် လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်အစိုးရကိုပါ မဟုတ်မဟတ် ပုတ်ခတ်စွပ်စွဲသွားပါသေးတယ်။

ဒါ့အပြင် သေဆုံးသူ နာဂါအိကို သတင်းထောက်ကောင်းတစ်ယောက်ရဲ့ စိတ်ဓာတ်နဲ့ မြန်မာ့ဆန္ဒပြပွဲသတင်းကို ကမ္ဘာကသိအောင် ကြိုးစားခဲ့သူအဖြစ် တကယ့်သတင်းထောက် သူရဲကောင်းတစ်ဦး မဖြစ်ဖြစ်အောင် ပုံဖော်ချီးမွမ်း မြှောက်ပင့်နေတာတွေလည်း ကြားရပါတယ်။ သွားလေသူကဖြင့် သူ့ရဲ့လုပ်ရပ် ဒီလောက်ကြီးကျယ်မှန်း သိသွားရှာမယ်မထင်ပါဘူး။ **ပြည်ပအသံလွှင့်ဌာနတွေအနေနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပတ်သက်လာရင် ဖြစ်မှုကျူးလွန်လို့ ထောင်ကျသွားတာကို တကယ့်သူရဲကောင်းတွေ မဖြစ်ဖြစ်အောင်၊ သူ့ဘာသာ ဘာအကြောင်းနဲ့ သေသေ တကယ့်မဟာသူရဲကောင်းတွေမဖြစ် ဖြစ်အောင် အတင်းအဓမ္မ ပုံဖော်ပြီး ကမ္ဘာ့ပြည်သူအားလုံးကို မျက်လှည့်ပြ ဝါဒဖြန့်လာခဲ့တာ ကြာလှပါပြီ။ ကျွန်တော်တို့ပြည်သူကလည်း ဒါမျိုးတွေရိုးနေခဲ့ပါပြီ။ ဒီကြားထဲ ဂျပန်သတင်းထောက်သေဆုံးမှုဟာ အဆိုးထဲက အကောင်းဖြစ်တယ်။ သူသေပေးလို့ မြန်မာ့အရေးအပေါ် ဂျပန်ပြည်သူတွေ စိတ်ဝင်စားမှုရှိလာတယ်။ ဒါကြောင့် သူသေဆုံးမှုဟာ မြန်မာ့ဒီမိုကရေစီအရေးအတွက် အင်မတန်ကြီးမားတဲ့ အကျိုးအမြတ်ဖြစ်တယ်လို့တောင် သေသူ့အလောင်းမြေမကျသေးခင် APF သတင်းဌာနက အမနာပ လိုရာဆွဲ အသုံးချနေတာကိုလည်း ကြားလိုက်ရပါတယ်။ ပြည်ပမီဒီယာတွေရဲ့ လုပ်ကြံဖန်တီးမှုတွေဟာ ကျွန်တော်တို့အပေါ် ဘယ်လောက်တောင် အငြိုးကြီးသလဲဆိုတာ ပြေးကြည့်စရာမလိုအောင် ပေါ်လွင်နေပါပြီ။**

ဒီတော့ ကျွန်တော်တို့ကလည်း သေဆုံးခဲ့သူအပေါ် အားနာစွာနဲ့ပဲ အဖြစ်မှန်ကို အကျိုးသင့် အကြောင်းသင့် ပြောပြ ရှင်းပြပါ့မယ်။ အများကြားရင် အမှန်ထင်လာတတ်ပါတယ်။ ဒီတော့ အမှားကို အမှန်နဲ့ပဲ တုံ့ပြန်ချေဖျက်ရမှာပါ။ အားနာလို့ ဘာမှမပြောခဲ့တာကို နုံလို့၊ အ-လို့၊ ဘာမှမပြောတတ်လို့ ငြိမ်ခံနေတယ် ထင်ရင် အမှားကြီး မှားပါလိမ့်မယ်။

တကယ်တော့ မစ္စတာကင်ဂျီနာဂါအိဟာ ဂျပန်နိုင်ငံအခြေစိုက် APF သတင်းဌာနရဲ့ ဗီဒီယိုသတင်းထောက် ဖြစ်ပါတယ်။ သူဟာ ကျွန်တော်တို့နိုင်ငံ ရန်ကုန်မြို့ကို ၂၅-၉-၂၀၀၇ရက်နေ့မှာ ဗီဇာအမှတ် 006567 (24-9-2007) EV/T/PIT ကမ္ဘာလှည့်ဗီဇာ (Tourist Visa) နဲ့ ရောက်ရှိလာခဲ့ပါတယ်။ အမှန်တော့ သတင်းထောက်တစ်ယောက်ဟာ Journalist Visa နဲ့သာ လာရောက်ရမှာ ဖြစ်ပါတယ်။ Tourist Visa နဲ့ ဝင်လာခဲ့တယ်ဆိုကတည်းက သူ့အကြံ ရိုးဖြောင့်မှုရှိ၊ မရှိ ပြောစရာမလိုတော့ပါဘူး။ ဝင်လာခဲ့တဲ့ အချိန်ကာလကိုကြည့်ရင်လည်း ပြည်တွင်းက ဆူပူလိုသူတွေနဲ့ လက်ဝါးချင်း ရိုက်ထားပြီးသား ဖြစ်မယ်ဆိုတာ မပြေးသော် ကန်ရာရှိ ဖြစ်နေပါပြီ။ ဒါပေမယ့် ကျွန်တော်တို့က ဒါကို ဘာမှမပြောခဲ့ပါဘူး။

ကဲ-ဟုတ်ပါပြီ။ Tourist Visa **နဲ့ ဝင်လာခဲ့သူတစ်ဦးဟာ** Tourist **တစ်ဦးလိုသာ နေရမှာပါ။ အဲဒီလိုသာနေခဲ့မယ်ဆိုရင် အခုလို ဝမ်းနည်းဖွယ်ကောင်းတဲ့ဖြစ်ရပ်ဟာ ဘယ်လိုမှ ဖြစ်လာစရာ အကြောင်းမရှိပါဘူး။** Tourist Visa **နဲ့လာပြီး** Journalist **အလုပ်ကို မရိုးမဖြောင့် လုပ်ခဲ့လို့သာ ဒီလိုဖြစ်ရတာပါ။ တကယ်** Journalist **အလုပ်ကို လုပ်ချင်တယ်ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနကတစ်ဆင့် ခွင့်တောင်းပြီး တရားဝင်လာသင့်ပါတယ်။ ဒါဆိုရင် အခုလိုဖြစ်စရာ မရှိတဲ့အပြင် သက်ဆိုင်ရာနိုင်ငံအစိုးရရဲ့ ပံ့ပိုးကူညီမှုကိုပါ ရဦးမယ်ထင်ပါတယ်။**

မစ္စတာနာဂါအိဟာ ရန်ကုန်မှာ (၃၃)လမ်းက ဟိုတယ်တစ်ခုမှာ တည်းခိုပြီး ဆူပူအကြမ်းဖက်မှု သတင်းတွေ၊ လုံခြုံရေးထိန်းသိမ်းဆောင်ရွက်မှု သတင်းတွေရယူဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမယ့် တစ်ခုနားလည်ထားဖို့က အဲဒီတုန်းက ရန်ကုန်မြို့မှာ ဥပဒေအရ တရားဝင်ပုဒ်မ ၁၄၄ ထုတ်ထားတဲ့အချိန်ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားတွေရဲ့ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပေါ်နေတဲ့အတွက် တည်ဆဲဥပဒေအရ ထိန်းသိမ်းလူစုခွဲနေရတဲ့ အချိန်ဖြစ်ပါတယ်။ ဘာပဲပြောပြော အချိန်မရွေး အန္တရာယ်ဖြစ်နိုင်တဲ့ အနေအထားမျိုးပါ။ အဲဒီလိုအနေအထားမျိုးမှာ ဘာအမှောင့်ပယောဂမျှ ပူးကပ်မှုမရှိတဲ့ သာမန်ပုဂ္ဂိုလ်ဆိုရင် ဒီလိုနေရာမျိုးကို ယောင်လို့တောင်မှ ခြေဦးလှည့်မှာ မဟုတ်ပါဘူး။ ဘေးကင်းရာမှာနေပြီး လွတ်လွတ်ကင်းကင်းပဲ သတင်းယူဖို့ကြိုးစားမှာပါ။ ကျွန်တော်တို့ ဒီလိုပဲ နားလည်ပါတယ်။

အခုတော့ အဲဒီသတင်းထောက်ဟာ ဆန္ဒပြ ဆူပူအကြမ်းဖက်သူများအထဲမှာ ရောက်နေပါတယ်။ ဘာကြောင့် ရောက်နေရတာလဲ၊ ဘယ်လိုချိတ်ဆက်မှုရှိလို့လဲ စဉ်းစားမယ်ဆိုရင် စဉ်းစားစရာပါ။ ဒီမှာ ကျွန်တော်တို့နိုင်ငံ လုံခြုံရေးတပ်ဖွဲ့များရဲ့ ဆူပူအကြမ်းဖက်မှုတွေအပေါ် ထိန်းသိမ်းလူစုခွဲတဲ့ လုပ်ထုံးလုပ်နည်းဟာလည်း အင်မတန်မှ စိတ်ရှည်သည်းခံပြီး နောက်ဆုံး ဘယ်လိုမှ စာမျက်နှာ ၅ ကော်လံ ၁ သို့

လုံခြုံရေးတပ်ဖွဲ့များရဲ့ ဆူပူအကြမ်းဖက်မှုတွေအပေါ် ထိန်းသိမ်း လူစုခွဲတဲ့ လုပ်ထုံးလုပ်နည်းဟာလည်း အင်မတန်မှ စိတ်ရှည်သည်းခံပြီး နောက်ဆုံး ဘယ်လိုမှ မတတ်သာမှ မလွှဲမရှောင်သာ ဆောင်ရွက်ရတဲ့ အနေအထားမျိုးပါ။ ပထမ စည်းသုံးစည်း သတ်မှတ်ပေးပြီး အသံချဲ့စက်တွေနဲ့ လူစုခွဲဖို့၊ ရှေ့ဆက်မတိုးကြဖို့ ပန်ကြားပါတယ်။ အဲဒါမရမှ မျက်ရည်ယိုဗုံး၊ မီးခိုးဗုံးတွေသုံးပြီး လူစုခွဲဖို့ ကြိုးပမ်းပါတယ်။ ဒါမှ ရှေ့တိုးလာမယ်ဆိုရင် သေနတ်ကို မိုးပေါ်ထောင်ဖောက်ပြီး ခြောက်လှန့် လူစုခွဲစေပါတယ်။ ဒီလို အဆင့်ဆင့် ဟန့်တားဖို့ကြိုးစားပါလျက်နဲ့မှ ထိန်းမရဘဲ အတင်းရှေ့တိုးလာပြီး လုံခြုံရေးတာဝန်ရှိသူတွေကို ကိုယ်ထိလက်ရောက် အန္တရာယ် ပြုလာတော့မှ မလွှဲမရှောင်သာ အနည်းဆုံးအင်အားနဲ့ နှိမ်နင်းလူစုခွဲခဲ့ရတာ ဖြစ်ပါတယ်။

14-10 (04) 1 10/14/07, 2:20 AM

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

မတတ်သာမှ မလွှဲမရှောင်သာ ဆောင်ရွက်ရတဲ့ အနေအထားမျိုးပါ။ ပထမ စည်းသုံးစည်းသတ်မှတ်ပေးပြီး အသံချဲ့စက်တွေနဲ့ လူစုခွဲဖို့၊ ရှေ့ဆက်မတိုးကြဖို့ ပန်ကြားပါတယ်။ အဲဒါမရမှ မျက်ရည်ယိုဗုံး၊ မီးခိုးဗုံးတွေသုံးပြီး လူစုခွဲဖို့ကြိုးပမ်းပါတယ်။ ဒါမှ ရှေ့တိုးလာမယ်ဆိုရင် သေနတ်ကို မိုးပေါ်ထောင်ဖောက်ပြီး ခြောက်လှန့် လူစုခွဲစေပါတယ်။ ဒီလို အဆင့်ဆင့် ဟန့်တားဖို့ကြိုးစားပါလျက်နဲ့မှ ထိန်းမရဘဲ အတင်းရှေ့တိုးလာပြီး လုံခြုံရေးတာဝန်ရှိသူတွေကို ကိုယ်ထိလက်ရောက် အန္တရာယ်ပြုလာတော့မှ မလွှဲမရှောင်သာ အနည်းဆုံးအင်အားနဲ့ နှိမ်နင်းလူစုခွဲခဲ့ရတာဖြစ်ပါတယ်။

လုံခြုံရေးတာဝန်ရှိသူများအနေနဲ့ ဆူပူအကြမ်းဖက်မှုများကို ဖြိုခွဲရာမှာ မောင်ဖြူ–မောင်နီ ခွဲခြားခြင်းမရှိသလို နိုင်ငံသားလား၊ နိုင်ငံခြားသားလား ခွဲခြားဖို့လည်း မဖြစ်နိုင်ပါဘူး။ မြန်မာနဲ့ ဂျပန်ဆိုတာ အာရှသားချင်းတူနေလေတော့ ရုတ်တရက် ဘယ်လိုမှခွဲပြီး မသိနိုင်သလို ဒီလူအုပ်ကြီးထဲမှာ ဆန္ဒပြသူလား၊ သတင်းထောက်လားဆိုတာ ရွေးနေဖို့လည်း မရနိုင်ပါဘူး။ သေချာတာကတော့ လုံခြုံရေးတာဝန်ရှိသူတွေအနေနဲ့ ရှေ့ဆုံးက တက်လာတဲ့သူကိုသာ ဆူပူအကြမ်းဖက်မှု အရှိန်တန့်သွားရုံ ထိန်းသိမ်းဆောင်ရွက်ခဲ့ရတာဖြစ်ပါတယ်။ အခု ဂျပန်သတင်းထောက်ဟာ အဲဒီနေ့က ဆန္ဒပြဆူပူသူ လူအုပ်ကြားထဲ ရောက်နေတာကိုက သူ့အန္တရာယ်ကို သူဖိတ်ခေါ်နေတဲ့ သဘောဖြစ်နေပါပြီ။

ဆူပူအကြမ်းဖက်သူများကို ဖြိုခွဲရာမှာ မြန်မာလား၊ ဂျပန်လား၊ အမေရိကန်လား ဘယ်လိုမှ မခွဲခြားနိုင်ပါဘူး။ ဘယ်သူ့ကိုမှ ရည်ရွယ်တာမဟုတ်ဘဲ လူစုကွဲရုံသာ ပစ်ခတ်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ အချင်းချင်းပြောသလို ပြောရရင် မကောင်းသူထိပ်၊ ကောင်းသူထိပ်ပါပဲ။ အဲဒီအထဲမှာ အမေရိကန်လူမျိုးပါနေရင် သူလည်းကံမကောင်းရင် ထိမှန်နိုင်တာပါပဲ။ သေချာတာကတော့ မတော်တဆ ထိမှန်ခြင်းသာ ဖြစ်ပြီး ဂျပန်လူမျိုးမို့လို့ ရွေးပစ်ခြင်းမဟုတ်တာကို နားလည်စေချင်ပါတယ်၊ မသင့်လျော်တဲ့ အခြေအနေအချိန်အခါမျိုးမှာ၊ မသင့်လျော်တဲ့နေရာမှာ တည်ဆဲအစိုးရ ဆန့်ကျင်သူတွေနဲ့ အတူရှိနေတာကြောင့်သာ ဒီလိုမျိုး ဖြစ်ခဲ့ရတာဖြစ်ပါတယ်။

တာဝန်ရှိသူများအနေနဲ့ မစ္စတာနာဂါအိအား ရန်ကုန်ဆေးရုံကြီးကို အမြန်ဆုံးပို့ပေးခဲ့တယ်လို့ သိရပါတယ်။ နောက် ဂျပန်သံရုံးက ဝန်ထမ်းများနဲ့ဆက်သွယ်ပြီး လုပ်ဆောင်ဖွယ်ရာ ကိစ္စရပ်အသီးသီးမှာ မိတ်ကောင်းဆွေကောင်းပီသစွာ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် မစ္စတာနာဂါအိပိုင် ပစ္စည်း၂၄ မျိုးကိုလည်း သံရုံးဝန်ထမ်းများမှတစ်ဆင့် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ သူ့ရဲ့ရုပ်အလောင်းကို ဂျပန်နိုင်ငံကို ပြန်လည်သယ်ဆောင်ဖို့ ကိစ္စရပ်တွေမှာလည်း လိုအပ်သလိုကူညီပေးခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ မြန်မာပြည်သူများကတော့ ကိုယ်ချင်းစာနာမှုအပြည့်နဲ့ မစ္စတာနာဂါအိရဲ့ မိသားစုနဲ့ထပ်တူ၊ ဂျပန်ပြည်သူများနဲ့ထပ်တူ တကယ့်ကို စိတ်ထိခိုက်ကြေကွဲခဲ့ကြရတာပါ။

နောက်တစ်ချက်က မစ္စတာနာဂါအိ သေဆုံးချိန်မှာ အတူပါလာတဲ့ ဆိုနီ ဗီဒီယိုရီကော်ဒါကို ပြန်လိုချင်တယ်ဆိုတဲ့ကိစ္စပါ။ လုံခြုံရေးတပ်ဖွဲ့တွေရဲ့ လူစုခွဲမှုကြောင့် ဆူပူအကြမ်းဖက်သူတွေ ရုတ်ရုတ်သဲသဲ ဖရိုဖရဲဖြစ်နေတဲ့ အခြေအနေမျိုးမှာ ဘယ်လိုဘယ်ပုံ ပျောက်ဆုံးခဲ့ရတယ်ဆိုတာ သိဖို့အတော့်ကို ခက်ပါလိမ့်မယ်။ လုံခြုံရေးတပ်ဖွဲ့များက သိမ်းဆည်းရမိခြင်းလည်းမရှိခဲ့ပါဘူး။ မစ္စတာနာဂါအိ မိသားစုအနေနဲ့ သံယောဇဉ်အမှတ်တရအဖြစ် အဲဒီ ဗီဒီယိုရီကော်ဒါကို ပြန်ရချင်လိမ့်မယ်လို့ ကိုယ်ချင်းစာ နားလည်ခံစားမိတာအမှန်ပါ။ ဒါပေမယ့် အဲဒီရီကော်ဒါကို မြန်မာရဲ့တစ်ယောက်က ယူဆောင်သွားပါတယ်လို့ ပြည်ပအသံလွှင့်ဌာနတွေက စွပ်စွဲနေတာမျိုးကျတော့လည်း ဘာပဲဖြစ်ဖြစ် သူ့အတွက် စိတ်ထိခိုက်မိသလို ကိုယ့်အတွက်လည်း စိတ်မကောင်းဖြစ်ရပါတယ်။

အခုလို ဂျပန်သတင်းဌာနတွေ အပါအဝင် ပြည်ပသတင်းဌာနတွေက မစ္စတာနာဂါအိကို မြန်မာလုံခြုံရေးတပ်ဖွဲ့တွေကပဲ အနီးကပ် သိသိကြီးနဲ့ ပစ်ခတ်သယောင် လုပ်ကြံလီဆယ် ထုတ်လွှင့်နေတာတွေဟာ ခိုင်မာပြီးဖြစ်တဲ့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အနည်းနဲ့အများ ထိခိုက်စေနိုင်ပါတယ်။ ဂျပန်သတင်းဌာနတစ်ခုက မစ္စတာနာဂါအိကို အကြောင်းပြုပြီး "မြန်မာပြည်မှာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေး ရရှိစေဖို့ ဂျပန်အစိုးရအနေနဲ့ ပိုမိုကြိုးပမ်းသင့်တယ်၊ ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဂျပန်အစိုးရမှာ တာဝန်ရှိတယ်" ဆိုတဲ့ အဆင့်မျိုးအထိ ကိုယ့်အစိုးရအပေါ် ဖိအားပေးလာတာမျိုးကိုကြည့်ပြီး သူတို့ရဲ့ ဒီမိုကရေစီဆိုတာကိုတောင် ကျွန်တော်စိတ်ပျက်သွားမိတာ အမှန်ပါ။

တကယ်တော့ ဂျပန်–မြန်မာ ချစ်ကြည်ရင်းနှီးမှုဟာ ခိုင်မာခဲ့တာကြာပါပြီ။ အစိုးရချင်း ရင်းနှီးချစ်ကြည်မှု တိုးမြှင့်နိုင်ခဲ့သလို နှစ်နိုင်ငံပြည်သူများအချင်းချင်း နားလည်ယုံကြည်မှုတွေလည်း ဖြစ်ထွန်းခိုင်မာပြီးသားပါ။ မြန်မာနိုင်ငံအနေနဲ့၊ မြန်မာပြည်သူတွေအနေနဲ့ ကြည့်မယ်ဆိုရင် ဂျပန်ခေတ်ဆိုတာကြီးကို ဖြတ်သန်းခဲ့ရသလို ဂျပန်နဲ့ပတ်သက်လို့ စိတ်နာမယ်ဆိုလည်း နာစရာတွေအပြည့်ပါ။ ဂျပန်ကင်ပေတိုင်အကြောင်း၊ ဂျပန်ဖက်ဆစ်တွေအကြောင်း ဝတ္ထုတွေ၊ ရုပ်ရှင်တွေ ခုချိန်ထိ အများကြီးရှိနေဆဲပါ။ တကယ်လည်း ဂျပန်တို့ရဲ့ ရက်စက် ကြမ်းကြုတ်မှုကြောင့် ကျွန်တော်တို့ပြည်သူတွေမှာ "သုမနကျောမှာ ဒဏ်ရာတွေနဲ့" ဆိုသလို အရိုးတွေအထပ်ထပ်၊ ဒဏ်ရာတွေ တင်းကြမ်းပါ။ ဒါပေမယ့် ကျွန်တော်တို့ပြည်သူက ဒါတွေကို ရာဇဝင်ထဲမှာထားရစ်ခဲ့ပါပြီ။ အနာဟောင်းကို ပြန်ဆွမနေတော့ပါဘူး။ ဂျပန်နိုင်ငံကို တရုတ်၊ တောင်ကိုရီးယားတို့လို နိုင်ငံမျိုးတွေကတောင်မှ စစ်အတွင်းက ရက်စက်ကြမ်းကြုတ်ခဲ့မှုတွေအတွက် ဝန်ချတောင်းပန်ဖို့ တောင်းဆိုနေတဲ့ အချိန်မျိုးမှာ ကျွန်တော်တို့ပြည်သူက ကြည်ဖြူခွင့်လွှတ်နိုင်ခဲ့တယ်ဆိုတာ တော်ရုံစိတ်သဘောထား ပြည့်ဝဖြူစင်မှုမဟုတ်ကြောင်း သိစေချင်ပါတယ်။

အငြိုးအတေးထားပြီး လက်စားချေတုံ့ပြန်ဖို့ ကျွန်တော်တို့ ဘယ်တော့မှ မတွေးပါဘူး။ အရာရာကို ယောနိသော မနသိကာရ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းပြီး ဆင်ခြင်နိုင်ကြပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ကိုယ့်လူမျိုးကို နည်းလမ်းမျိုးစုံနဲ့ အကြီးအကျယ် နှိပ်စက်ကလူပြုခဲ့ပေမယ့် ဂျပန်တွေစစ်ရှုံးလို့ ပြေးရတဲ့အချိန်မှာ ကျန်ခဲ့တဲ့ ဂျပန်စစ်ပြန်ကြီးတွေကို ကျွန်တော်တို့ပြည်သူက ဘယ်လိုဆက်ဆံခဲ့တယ်ဆိုတာ ယနေ့တိုင် အချို့အသက်ရှင်ဆဲဖြစ်တဲ့ ဂျပန်စစ်ပြန်ကြီးတွေအားလုံးသိကြပါတယ်။ ဂျပန်–မြန်မာ ပူးပေါင်းထုတ်လုပ်ရိုက်ကူးတဲ့ "သွေး" ရုပ်ရှင်ဇာတ်ကားကြီးဟာ မြန်မာ့စိတ်ရင်းစေတနာနဲ့ ဖြူစင်နူးညံ့တဲ့နှလုံးသားရဲ့ သက်သေပါ။ ဒါဖျောက်ဖျက်လို့မရတဲ့ ဂျပန်–မြန်မာချစ်ကြည်ရေးရဲ့မှတ်တိုင် ဖြစ်ပါတယ်။

ပြောလက်စနဲ့ ပြောပါဦးမယ်။ ကျွန်တော်တို့နိုင်ငံမှာ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့တဲ့ မတ်လ ၂၇ရက်နေ့ကို အရင်က ဖက်ဆစ်တော်လှန်ရေးနေ့အဖြစ် သတ်မှတ်ခဲ့တာပါ။ ဒါပေမယ့် တစ်ဖက်သားအပေါ် သိပ်ပြီးငဲ့ညှာစာနာတတ်တဲ့ လူမျိုးတွေပီပီ နောက်ပိုင်းမှာ ပြည်သူများအကြား ဂျပန်မုန်းတီးရေး အရှည်အရှည်မဖြစ်စေလိုတဲ့ဆန္ဒနဲ့ အတိတ်က ဖြစ်ရပ်တွေကိုသင်ပုန်းချေပြီး "တပ်မတော်နေ့"အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့တာ အထင်အရှားပါ။ အဲဒီလိုမျိုး ကိစ္စလေးမှာတောင် တစ်ဖက်သားအတွက် အများကြီး စဉ်းစားချင့်ချိန်ပေးခဲ့တဲ့ ကျွန်တော်တို့က အခုလို ဂျပန်လူမျိုး သတင်းထောက်တစ်ယောက်ကို သိသိကြီးနဲ့ တမင်သက်သက် အနီးကပ်ပစ်ခတ်တာမျိုး လုပ်ပါ့မလားဆိုတာ စဉ်းစားဆင်ခြင်ဖို့ ကောင်းပါတယ်။

လက်ရှိမှာလည်း **ဂျပန်–မြန်မာဆက်ဆံရေးဟာ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး မိတ်ဝတ်မပျက် အပြန်အလှန် လေးစားမှုရှိနေဆဲပါ။ ဂျပန်နိုင်ငံအနေနဲ့ အစိုးရပိုင်းကရော၊ NGO ပိုင်းကပါ ကျွန်တော်တို့နိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှု အကူအညီအပါအဝင် လူမှုရေး၊ ပညာရေးအကူအညီတွေ ပေးနေဆဲဖြစ်ပါတယ်။ ဒါပေမယ့် ပြည်ပအသံလွှင့်ဌာနများက အခု မစ္စတာနာဂါအိရဲ့ဖြစ်စဉ်ကို အခြေခံပြီး ဂျပန်–မြန်မာချစ်ကြည်ရေး ပျက်ပြားအောင်၊ အကူအညီပေးမှုတွေ လျှော့ချအောင်၊ ဒဏ်ခတ် ပိတ်ဆို့အရေးယူမှုတွေ စဉ်းစားလာအောင် လုပ်နေကြတာတွေဟာအဖြစ်မှန်၊ အခြေအနေမှန်ကို မသိရင် နားယောင်ချင်စရာပါ။ ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း ဖွင့်ချပြရခြင်းပဲဖြစ်ပါတယ်။ ပကတိ အမှန်တရားကို အခြေခံပြီး နှစ်နိုင်ငံချစ်ကြည်ရေးကို အဓွန့်ရှည်အောင် ထိန်းသိမ်းနိုင်ဖို့လိုပါလိမ့်မယ်။ ပြည်ပနှိုးဆွချင်ပါလျက် ဆားကဖျက်ဆိုတာမျိုး မဖြစ်သင့်တာအမှန်ပါ။**

ကျွန်တော်တို့ပြည်သူကတော့ ပြည်ပမီဒီယာများရဲ့ အမှန်ကို အမှားလုပ်၊ တစ်စိတ်ကို တစ်အိတ်ဖြစ်အောင် ချဲ့ကားပြီး သွေးထိုးပုတ်ခတ်စွပ်စွဲမှုတွေကို လုံးဝအလေးမထားတော့ပါဘူး။ ကိုယ့်အစိုးရနဲ့ ကိုယ့်ပြည်သူကပဲ ကိုယ့်နိုင်ငံအကျိုးကိုလိုလားမှာဖြစ်ပြီး ကိုယ့်အစိုးရနဲ့ ကိုယ့်ပြည်သူကပဲ ကိုယ့်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးဖော်ဆောင်ကြရမှာဖြစ်တယ်ဆိုတာ အတွေ့အကြုံကပေးတဲ့သင်ခန်းစာတွေနဲ့ ပြည့်ဝပြီးခဲ့ပါပြီ။ ဒါကြောင့် အဘက်ဘက်က ထိုးနှက်နေပေမယ့်၊ သွေးထိုးလှုံ့ဆော်နေပေမယ့် ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက တည်ဆဲအစိုးရအပေါ် အပြည့်အဝ တစ်ခဲနက် ထောက်ခံယုံကြည်လျက်ရှိကြပါတယ်။ အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီကို မရောက်ရောက်အောင် ချီတက်သွားကြမှာပဲဖြစ်ပါတယ်။ အဲဒီလိုချီတက်ရာမှာ ကျွန်တော်တို့အနေနဲ့ကတော့ ဂျပန်နိုင်ငံနဲ့ မိတ်ကောင်းဆွေကောင်းပီသစွာ၊ ချစ်ကြည်ရင်းနှီးမှုခိုင်မြဲစွာ ရေရှည်လက်တွဲသွားလိုတဲ့ ဆန္ဒသာရှိပါတယ်လို့ ဆိုပါရစေ။ ။

ဂျပန်–မြန်မာဆက်ဆံရေးဟာ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး မိတ်ဝတ်မပျက် အပြန်အလှန် လေးစားမှုရှိနေဆဲပါ။ ဂျပန်နိုင်ငံအနေနဲ့ အစိုးရပိုင်းကရော၊ NGO ပိုင်းကပါ ကျွန်တော်တို့ နိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှု အကူအညီအပါအဝင် လူမှုရေး၊ ပညာရေးအကူအညီတွေ ပေးနေဆဲဖြစ်ပါတယ်။ ဒါပေမယ့် ပြည်ပအသံလွှင့်ဌာနများက အခု မစ္စတာနာဂါအိရဲ့ဖြစ်စဉ်ကို အခြေခံပြီး ဂျပန်–မြန်မာချစ်ကြည်ရေး ပျက်ပြားအောင်၊ အကူအညီပေးမှုတွေ လျှော့ချအောင်၊ ဒဏ်ခတ် ပိတ်ဆို့အရေးယူမှုတွေ စဉ်းစားလာအောင် လုပ်နေကြတာတွေဟာအဖြစ်မှန်၊ အခြေအနေမှန်ကို မသိရင် နားယောင်ချင်စရာပါ။ ဒါကြောင့်လည်း ကျွန်တော့် အနေနဲ့ အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း ဖွင့်ချပြရခြင်းပဲဖြစ်ပါတယ်။

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း ဩဘာလမ်းနေ မိဘနှစ်ပါးဖြစ်သော ဦးမောင်မောင်ကြီး–ဒေါ်ချိုချိုအား ရည်စူး၍ ဦးသန်းချို၊ ဒေါ်တင်တင်နု တို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ငွေပဒေသာပင်လှူဒါန်း

သမီး မမြင့်မြင့်အေး အားရည်စူး၍ အမှတ် ၇၂ တတိယလမ်း ဘိုကလေးမြို့နေ ဦးစိန်မောင်–ဒေါ်စန်းအေး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးနှင့် ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (က–ပ)

14-10 (05) 1 10/14/07, 2:20 AM

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အရောက်လှမ်းနိုင်ရန် ဒို့တာဝန်အရေး (၃) ပါးကို ဦးထိပ်ပန်ဆင် ကြိုးပမ်းဆောင်ရွက်

ထို့နောက် အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်ဖြင့် အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာပြီး သဘာပတိ စစ်တွေတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဦးဘရွှေက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ရခိုင်ပြည်နယ် စစ်တွေမြို့ ဧည့ဝတီအားကစားကွင်း၌ ကျင်းပရာ သဘာပတိ စစ်တွေတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဦးဘရွှေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များစသည့် အစုအဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်ဖြင့် ကျင်းပခဲ့ကြောင်း၊ ယင်းအမျိုးသားညီလာခံသို့ ရခိုင်ပြည်နယ်ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ငါးဦး၊ ရွေးချယ်ခံအစုအဖွဲ့မှ ကိုယ်စားလှယ်နှစ်ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ၃၆ ဦး၊ အလုပ်သမားကိုယ်စားလှယ်နှစ်ဦး၊ လယ်သမားကိုယ်စားလှယ်သုံးဦး၊ အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်အစုအဖွဲ့မှ လေးဦး စုစုပေါင်း ၅၂ ဦး တက်ရောက်နိုင်ခဲ့ကြောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်

● ရွှေဖုံးမှ

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေခရိုင်၊ သံတွဲခရိုင်၊ ကျောက်ဖြူခရိုင်နှင့် မောင်တောခရိုင်တို့မှ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများဖြစ်ကြသည့် ရခိုင်၊ မြို(ခေါ်)ခမိ၊ သက်နှင့် ဒိုင်းနက်တိုင်းရင်းသား ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ စစ်တွေတက္ကသိုလ်၊ စစ်တွေနည်းပညာတက္ကသိုလ်၊ စစ်တွေကွန်ပျူတာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ သူနာပြုများ၊ ရခိုင်စည်တော်အဖွဲ့၊ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီးမှ ပြည်သူများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၇၁၀၀၀ ကျော်တို့ အင်တိုက်အားတိုက် တစ်ခဲနက်တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက် ၆ နာရီမှစတင်၍ စစ်ကြောင်းမှူး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ခေါင်းဆောင်သည့် စစ်တွေခရိုင်စစ်ကြောင်းသည် ရခိုင်ပြည်နယ် မြို့တော်ခန်းမရှေ့ စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း ခေါင်းဆောင်သည့် မောင်တောခရိုင်စစ်ကြောင်းသည် စစ်တွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှေ့ စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်စိန် ခေါင်းဆောင်သည့် ကျောက်ဖြူခရိုင်စစ်ကြောင်းသည် ပြည်ထောင်စုလမ်းမကြီးနှင့် သတ္တဌာနလမ်းဆုံ စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်/ဒေသ ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး ဒေသကြီးကြပ်ရေးမှူး ဦးဦးစောဝင်း ခေါင်းဆောင်သည့် သံတွဲခရိုင်စစ်ကြောင်းသည် လောကာနန္ဒာစေတီတော်မြတ် အရှေ့ဘက်မုခ်စုရပ်မှလည်းကောင်း စစ်ကြောင်းဆိုင်းဘုတ်နှင့် အလံကိုင်အဖွဲ့များဦးဆောင်ကာ ကြွေးကြော်သံများကို ကြွေးကြော်လျက် စစ်ကြောင်းပုံဖြင့် စနစ်တကျချီတက်၍ သတ္တဌာနလမ်းအတိုင်း အခမ်းအနားကျင်းပမည့် ဧည့ဝတီအားကစားကွင်းသို့ အနောက်ဘက်မုခ်ဦးမှ ဝင်ရောက်ပြီး သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

သဘာပတိ

အခမ်းအနားတွင် သဘာပတိအဖြစ် စစ်တွေတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးဘရွှေက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးထွန်းမင်း၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေ၊ စစ်တွေခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ခင်စောရွှေ၊ စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်ကြီးသိန်းထွန်း(အငြိမ်းစား)၊ ရပ်မိရပ်ဖများဖြစ်ကြသော ပြည်နယ်ပညာရေးမှူး(စစ်ဆေးရေး၊ အငြိမ်းစား) ဦးစောထွန်းအောင်နှင့် ဒုတိယပြည်နယ်တရားသူကြီး(အငြိမ်းစား) ဦးအောင်မြတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် ကျောက်တော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ကျော့ကျော့ဝေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ မင်းပြားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ကေသီအောင်က တွဲဖက်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

နိုင်ငံတော်အလံအလေးပြု

အစီအစဉ်အရ ရှေးဦးစွာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်၌ နေရာယူကြပြီး မောင်တောခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းလှစိန် ဦးဆောင်၍ သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ဖွံ့ဖြိုးတိုးတက်ပြီး ထာဝရတည်ငြိမ်အေးချမ်းစွာဖြင့် ရပ်တည်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသက်တမျှအရေးကြီးလှကြောင်း၊ ထို့ကြောင့် မိမိတို့ရခိုင်ပြည်နယ်တစ်ဝန်းလုံးမှ ပြည်သူများသည် မိမိတို့နိုင်ငံ၏ အနာဂတ်ကို ပုံဖော်တည်ဆောက်ပေးရန် ကြိုးပမ်းအားထုတ်ထားသည့် အမျိုးသားညီလာခံကြီးနှင့် ညီလာခံကြီးက ချမှတ်ပေးလိုက်သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများအပေါ်တွင် မူတည်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံကြိုဆိုရန် စုဝေးရောက်ရှိနေကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမျိုးသားညီလာခံကြီးသည် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၃ ရက်က အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ဦးတည်ချက်(၆)ရပ်နှင့်အညီ အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးက ချမှတ်ပေးခဲ့ကြောင်း၊ ဤအခြေခံမူများကို အမြဲတေအဖြစ်ထားရှိပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် အခြေခံမူများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံချက်ပေးနိုင်မည့် အခြေခံမူများဖြစ်ကြောင်း။

ရခိုင်ပြည်နယ် စစ်တွေမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ကျောက်တော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ကျော့ကျော့ဝေနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မင်းပြားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ကေသီအောင်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ဦးထိပ်ပန်ဆင်

ယင်းအခြေခံမူများအပေါ်မူတည်ပြီး နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံထားသော မွန်မြတ်သည့် ပန်းတိုင်ဖြစ်ကြောင်း၊ ဤမွန်မြတ်သည့်ပန်းတိုင်ကို အရောက်လှမ်းကိုင်နိုင်ရန်အတွက် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ တော်ကြီးများသည် နိုင်ငံတော်၏ အသက်တမျှအရေးကြီးလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများသည် မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းသင်ခန်းစာများနှင့် ပစ္စုပ္ပန်အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ပြီး နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲမည့် အခြေခံမူများကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အခြေခံမူများထဲတွင် တိုင်းရင်းသား ပြည်သူလူထုအတွက် ရပိုင်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းထားပြီး နိုင်ငံရေးအနှစ်သာရနှင့် ပြည့်စုံနေသည်ကို တွေ့ရကြောင်း။

ဆူပူလှုံ့ဆော်သွေးထိုး

မိမိတို့ နိုင်ငံတော်ကြီးကို ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ရေးရှုပုံဖော်တည်ဆောက်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆောင်ရွက်နေသည့် အမျိုးသားညီလာခံကြီးပျက်စီးအောင် နည်းလမ်းမျိုးစုံဖြင့် လုပ်ကြံဖန်တီးခဲ့ကြကြောင်း၊ ယခုအချိန်တွင် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဖြစ်သည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ပေါ်ပေါက်မလာနိုင်အောင် ဆူပူလှုံ့ဆော်သွေးထိုးမှုများ ပြုလုပ်လာကြပြန်ကြောင်း၊ ယခုနှစ် စက်တင်ဘာအတွင်း နိုင်ငံတော်၏ အချို့ဒေသများ၌ ဖြစ်ပွားခဲ့သည့် ဆန္ဒပြဆူပူမှုဖြစ်စဉ်များကို လေ့လာကြည့်မည်ဆိုလျှင် ပြည်တွင်း ပြည်ပအဖျက်သမားများက အကြံအစည်ရှိရှိဖြင့် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရကြောင်း။

မိမိတို့ နိုင်ငံတော်၏ ပကတိဖြစ်ပေါ် တိုးတက်မှုကို အကောင်းမြင်ဝါဒဖြင့် မရှုမြင်ကြသည့် ပြည်တွင်း ပြည်ပမှ ဆန့်ကျင်ရေးအင်အားစုများသည် နိုင်ငံတော်ကြီးကို အခက်အခဲအကျပ်အတည်းကြားထဲသို့ရောက်အောင် ကမ္ဘာ့သတင်းမီဒီယာအချို့ကို အသုံးပြုပြီး လုပ်ဆောင်ခဲ့ကြကြောင်း၊ ကုန်ဈေးနှုန်းကျဆင်းရေးကို အကြောင်းပြ၍ သံဃာအချို့ကို ခုတုံးလုပ်ကာ ဆန္ဒပြမှုများ၊ ဆူပူလှုပ်ရှားမှုများ၊ မတည်ငြိမ်မှုများဖြစ်အောင် ဖန်တီးခဲ့ကြကြောင်း၊ ဤကဲ့သို့ လုပ်ဆောင်ဖန်တီးမှုများသည် ပြည်သူတို့ လိုလားတောင့်တနေသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီပန်းတိုင်သို့ လျှောက်လှမ်းရာ၌ အဟန့်အတားများသာဖြစ်စေကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး စိတ်ရှည်သည်းခံကာ သဘောထားကြီးစွာဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါနိုင်ငံတော်တစ်ဝန်းလုံး အေးချမ်းတည်ငြိမ်သွားပြီ ဖြစ်ကြောင်း၊ မိမိတို့တိုင်းရင်းသားပြည်သူအများစုအနေဖြင့်လည်း နိုင်ငံတော် တည်ငြိမ်မှုနှင့် အေးချမ်းမှုကိုသာ လိုလားကြကြောင်း၊ ထို့ကြောင့် ပြည်တွင်းပြည်ပမှ အဖျက်သမားများ၏ ဆောင်ရွက်မှုများကို ပြည်သူတစ်ရပ်လုံးက မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ဆန့်ကျင်သွားရန် လိုအပ်ကြောင်း။

အင်တိုက်အားတိုက်ဆောင်ရွက်

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အချိန်အခါကောင်းနှင့် မှန်ကန်သော ဦးဆောင်ဦးရွက်မှုကောင်းချိန်အတွင်းတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံကချမှတ်ပေးထားသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းကြမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်အတည်ပြုပြီးနောက် နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ပြီးသည့်အခါတွင် နိုင်ငံတော်သစ်ကြီးလည်း ဝင့်ထည်စွာပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်လုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

စာမျက်နှာ ၇ ကော်လံ ၁

14-10 (06) 1 10/14/07, 2:20 AM

စာမျက်နှာ ၆ မှ

မွန်မြတ်သည့်ပန်းတိုင်

ဆက်လက်၍ ကျောက်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာခင်စိုးက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ဖတ်ကြားတင်သွင်းရာတွင် မိမိတို့မြန်မာနိုင်ငံ၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကိုချစ်မြတ်နိုးသည့် နိုင်ငံသားအာလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံထားသော မွန်မြတ်သည့်ပန်းတိုင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို ကျောက်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါက်တာခင်စိုး ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပထမအကြိမ်ညှိနှိုင်းဆွေးနွေးပွဲတွင် "အမျိုးသားညီလာခံသို့ မည်သည့်အဖွဲ့၊ မည်သည့်လူထုလူတန်းစားအလွှာများ တက်ရောက်သင့်သည်၊ အဖွဲ့ဝင်အလွှာအလိုက် ဦးရေမည်မျှ သတ်မှတ်သင့်သည်"တို့ကို ဆွေးနွေးရန် ဦးဆောင်ကျင်းပရေးကော်မတီက ဖိတ်ခေါ်ခဲ့ကြောင်း။

လွတ်လပ်ပွင့်လင်း

၁၉၉၂ ခုနှစ် ဇွန်လ ၃၀ ရက်တွင် ကျင်းပသော ဒုတိယအကြိမ် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ခေါင်းဆောင်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များက လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း။

၁၉၉၂ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် တတိယအကြိမ် ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ခဲ့ကြကြောင်း၊ ညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေးကော်မတီက ဒို့တာဝန်အရေး(၃)ပါးကို အလေးထားပြီး ဆောင်ရွက်ကြရန် အကြံပြုဆွေးနွေးခဲ့ကြောင်း။

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်ကျော်ညွန့်(အငြိမ်းစား) ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အရှိန်အဟုန်ကောင်းနေချိန်တွင် ညီလာခံက ထွက်ပေါ်လာသည့် ရလဒ်ကောင်းများကို မရှုဆိတ်နိုင်သော နိုင်ငံရေးပါတီတစ်ခုက ညီလာခံအပေါ် အဆိုးမြင်အယူအဆဖြင့် ဝေဖန်ပုတ်ခတ်ကာ ညီလာခံကို ကျောခိုင်းသွားခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၉၆ ခုနှစ်တွင် အမျိုးသားညီလာခံကို ယာယီရပ်ဆိုင်းထားခဲ့ရကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီးနောက် ယာယီရပ်ဆိုင်းထားခဲ့ရသည့် အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေ ၁၇ ရက်တွင် ပြန်လည်စတင်ကျင်းပခဲ့ကြောင်း၊ ဤညီလာခံသို့ စုစုပေါင်း ကိုယ်စားလှယ်၁၀၈၆ဦး တက်ရောက်ခဲ့ကြောင်း၊ မိမိတို့ ရခိုင်ပြည်နယ်မှလည်း အမျိုးသားညီလာခံကိုယ်စားလှယ် ၅၂ ဦး တက်ရောက်နိုင်ခဲ့ကြောင်း၊ ညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ကြပြီးနောက် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်

အမျိုးသားညီလာခံကြီးက ချမှတ်ပေးလိုက်သည့် အခြေခံဥပဒေအရ ပေါ်ပေါက်လာမည့်အခြေခံဥပဒေသစ်တွင် တိုင်းရင်းသားများအတွက်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအခွင့်အာဏာများ ကျယ်ကျယ်ပြန့်ပြန့်ရရှိကြမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားခုနစ်မျိုးက ပြည်နယ်များရရှိကြပြီး "ဝ"၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ ကိုးကန့်၊ နာဂတိုင်းရင်းသားများကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရရှိကြမည်ဖြစ်သည့်အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို ကျယ်ကျယ်ပြန့်ပြန့် ကိုင်စွဲကျင့်သုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ မရရှိနိုင်သည့် တိုင်းရင်းသားများအတွက် ရသင့်သည့် ဒီမိုကရေစီအခွင့်အရေးများရရှိအောင် ဖော်ဆောင်ပေးထားကြောင်း၊ နိုင်ငံသားများ၏ အခွင့်အရေးများအပါအဝင် ဘာသာရေး၊ လူမှုရေး စသည့် ကဏ္ဍအသီးသီးတွင်လည်း အခြားဒီမိုကရေစီနိုင်ငံများ၌ ပေးအပ်သည့်အခွင့်အရေးများနှင့်မခြား အာမခံချက်များ အခြေခံဥပဒေတွင် ပါရှိလာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် စစ်မှန်သော အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် ပြည်တွင်း ပြည်ပ အဖျက်သမားများအနေဖြင့် အနာဂတ်တွင် နေရာမရနိုင်အောင် အတားအဆီးများဖြစ်နေသည့်အတွက် မလိုလားနိုင်သောအချက်များဖြစ်ကြကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးအောင်မြင်မှုမရရှိအောင် နည်းမျိုးစုံသုံးပြီး ဟန့်တားနှောင့်ယှက်မှုများဖြင့် ဆောင်ရွက်လာကြကြောင်း။

အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည့်အခါတွင်လည်း နိုင်ငံတော်ကချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို အဟန့်အတားဖြစ်စေမည့် ဆူပူအုံကြွမှုဖြစ်အောင် ဖန်တီးခဲ့ကြပြန်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများသည် ပြည်သူလူထု၊ ကျောင်းသားထုနှင့် အလုပ်သမားထုကို ထိုးဖောက်ဝင်ရောက်နိုင်မှုမရှိသည့်အခါ သံဃာထုထဲသို့ဝင်ရောက်ပြီး သာသနာတော်ကိုပင် နိုင်ငံရေးအတွက်အသုံးချခဲ့ကြသည်ကို တွေ့မြင်ကြရပြီးဖြစ်ကြောင်း၊ ယင်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများသည် ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပချိန်၊ လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပချိန်နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးကျင်းပချိန်တို့နှင့် တိုက်ဆိုင်နိုင်အောင် အချိန်ကိုက်ပြီး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ရှုတ်ချ

ဤမွန်မြတ်သည့်ပန်းတိုင်ကို အရောက်လှမ်းကိုင်နိုင်ရန် ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ရမည်ဖြစ်ကြောင်း။

အမျိုးသားရေးမူဝါဒ

နိုင်ငံတစ်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသည် မရှိမဖြစ်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပါလီမန်ဒီမိုကရေစီခေတ်က ကျင့်သုံးခဲ့သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် နယ်ချဲ့လက်အောက်၌ ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပြီး ၁၉၆၂ ခုနှစ်တွင် ပျက်ပြယ်ခဲ့ပြီးဖြစ်ကြောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း တစ်ပါတီစနစ်ကို အခြေခံထားသော ဥပဒေဖြစ်ပြီး ၁၉၈၈ ခုနှစ်တွင် ပယ်ဖျက်ပြီးဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း၁၀၀ကျော် စုပေါင်းနေထိုင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် အမျိုးသားရေးမူဝါဒအပေါ်တွင် အခြေခံရေးဆွဲပြဋ္ဌာန်းမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ်ဖြစ်ရန် လိုအပ်လျက်ရှိနေကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် မရှိမဖြစ် အသက်တမျှအရေးကြီးလှသော ဥပဒေအားလုံး၏ အခြေခံပင်မဥပဒေကြီးတစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းကြီးတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ဖွဲ့၊ အစိုးရတစ်ဖွဲ့က ရေးဆွဲပြဋ္ဌာန်း၍ လုံးဝမဖြစ်သည့်ကိစ္စဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြားနိုင်ငံများ၏ ဥပဒေကို ပုံတူကူးချ၍လည်း မရနိုင်ကြောင်း၊ ပြည်ပနိုင်ငံတစ်ခုခုက ရေးဆွဲ၍လည်း မဖြစ်နိုင်ကြောင်း၊ မိမိနိုင်ငံ၏သမိုင်းကြောင်း အခြေအနေနှင့် ပကတိအခြေအနေ အရပ်ရပ်ပေါ်တွင် အခြေခံကာ ရေးဆွဲရမည်သာဖြစ်ကြောင်း။

အမြဲသတိပြု

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် တစည်းတလုံးတည်းသော ပြည်ထောင်စုနိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အစဉ်သဖြင့် ဖော်ဆောင်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရန် လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မခိုင်မာလျှင် တိုင်းပြည်ပြိုကွဲပျက်စီးမည့် အန္တရာယ်ဆိုးကြီး ဖြစ်ပေါ်လာနိုင်သည်ကိုလည်း အမြဲသတိပြုကြရမည် ဖြစ်ကြောင်း။

ယင်းလိုအပ်ချက်အရ ပထမအကြိမ်အမျိုးသားညီလာခံ ကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲကို ၁၉၉၂ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပရာ ဦးဆောင်ကျင်းပရေးကော်မတီဝင်များနှင့်အတူ နိုင်ငံရေးပါတီများမှ ရွေးချယ်ခံကိုယ်စားလှယ်ခေါင်းဆောင်များ၊ တစ်သီးပုဂ္ဂလရွေးချယ်ခံကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း၊ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၅ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ခြောက်ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ သုံးဦး၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ တစ်ဦး၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ တစ်ဦး၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦးတို့ တက်ရောက်ခဲ့ကြကြောင်း။

ညှိနှိုင်းဆွေးနွေးပွဲများတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ညှိနှိုင်းသဘောတူညီချက်အရ အမျိုးသားညီလာခံ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များကို ဖိတ်ကြားခဲ့ကြောင်း။

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်းအဆိုကိုရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စန္ဒာသန်း ထောက်ခံ ဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို ပေါက်တောမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဇံ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

သဘောတူချမှတ်

အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းအစည်းအဝေးက အမျိုးသားညီလာခံ ဦးတည်ချက်(၆)ရပ်ဖြစ်သည့် (၁)ပြည်ထောင်စုမပြိုကွဲရေး၊ (၂)တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ (၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ (၄)စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ (၅)နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ (၆)အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို သဘောတူချမှတ်ခဲ့ခြင်းဖြစ်ကြောင်း။

ညှိနှိုင်းဆုံးဖြတ်

အမျိုးသားညီလာခံကို နိုင်ငံတော်အစိုးရအနေဖြင့် စီစဉ်ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ ဦးဆောင်ကျင်းပရေးကော်မတီဝင်များနှင့် နိုင်ငံရေးပါတီများမှ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလရွေးချယ်ခံကိုယ်စားလှယ်များအနေဖြင့် ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်က လိုအပ်သည့် အမိန့်များ ထုတ်ပြန်ပေးခဲ့ခြင်းသာဖြစ်ကြောင်း၊ အစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရာ၌ အခြေခံရမည့်မူများနှင့်ပတ်သက်သော အစုအဖွဲ့(၈) ဖွဲ့၏ အကြံပြုချက်စာတမ်း ၂၂ စောင်ကို အခြေခံပြီး အခြေခံမူ ၁၀၄ ချက် ချမှတ်ခြင်းတို့ကို ညှိနှိုင်းဆုံးဖြတ်အတည်ပြုခဲ့ကြကြောင်း။

ပူးပေါင်းပါဝင်ကူညီ

ဤကဲ့သို့ ပြည်တွင်းပြည်ပ အမှောင့်ပယောဂများကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆူပူဆန္ဒပြမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် သဘောထားကြီးစွာဖြင့် အတတ်နိုင်ဆုံး ညင်သာသိမ်မွေ့စွာ ဖြေရှင်းခဲ့မှုအပေါ်တွင် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကူညီခဲ့ကြသည့်အတွက် အခြေအနေအားလုံးသည် နဂိုအတိုင်း တည်ငြိမ်အေးချမ်းသွားပြီဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် အမျိုးသားညီလာခံကြီးကချမှတ်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် ယခင်က ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုပြီးခိုင်မာပြည့်စုံမည်ဖြစ်ကြောင်း၊ ယခုချမှတ်ထားသည့် အခြေခံမူများသည် တိုင်းရင်းသားများအခွင့်အရေးကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားပေါ်တွင် အခြေခံပြီး အထူးတလည်ပေးအပ်ထားကြောင်း ထင်ရှားစွာတွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် လုပ်ငန်းစဉ် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချပါကြောင်းဖြင့် လေးလေးနက်နက်အဆိုပြု တင်သွင်းသွားသည်။

စာမျက်နှာ ၈ ကော်လံ ၁

စာမျက်နှာ ၇ မှ

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စန္ဒာသန်းက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် မိမိတို့တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်အောင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ခေတ်ပြောင်း၊ စနစ်ပြောင်းနေသည့်အချိန်တွင် မိမိတို့ပြည်သူလူထု၏ ဆန္ဒမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း။

မိမိတို့ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သည် အခြားလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နိုင်ငံအကျိုး၊ ပြည်သူအကျိုးကို ကျရာအခန်းကဏ္ဍက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ အချိန်တိုကာလအတွင်း မည်သည့်ခေတ် မည်သည့်အခါနှင့်မှ မတူအောင် နိုင်ငံနှင့်အဝန်း နယ်စပ်ဒေသများပါမကျန် ဘက်စုံကဏ္ဍစုံတွင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြို ဆို ကြောင်း နှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို စစ်တွေမြို့မှ ရပ်မိရပ်ဖ ဒုတိယ ပြည်နယ် ဥပဒေအရာရှိ (အငြိမ်းစား) ဦးသာလှ ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို စစ်တွေမြို့မှ ရပ်မိရပ်ဖ ပြည်နယ်ကျန်းမာရေးအရာရှိ ဒေါက်တာစန်းရွှေ ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေး အခြေခံကောင်းများကို အုတ်မြစ်ချ ပုံဖော်ဖန်တီးပေးနေ

ပိုမိုနိုင်မြဲ

ယခုအခါ ရခိုင်ပြည်နယ်တွင် လမ်းတံတားများကို ကွန်ရက်သဖွယ် တည်ဆောက်ပေးနေ၍ မိမိတို့တိုင်းရင်းသားပြည်သူများသည် ပြည်ထောင်စုတစ်ဝန်းလုံးတွင်ရှိသည့် နေရာအနှံ့ တစ်ဆက်တစ်စပ်တည်း အလွယ်တကူ သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက လမ်းတံတားများကို တည်ဆောက်ပေးနေခြင်းကြောင့် ပြည်သူများသွားလာမှုလွယ်ကူစေကာ ဒေသထွက်ကုန်များ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်၍ ကုန်သွယ်ရောင်းဝယ်မှု လုပ်ငန်းများ တိုးတက်လာပြီး ပြည်သူတို့၏စီးပွားရေး၊ လူမှုရေး၊ အဆင့်အတန်း တိုးတက်မြင့်မားနေပြီဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားမောင်နှမများသည် ဒေသတစ်ခုမှ တစ်ခုသို့ အလွယ်တကူ ကူးလူးဆက်သွယ် ထိတွေ့ဆက်ဆံလာနိုင်သည့်အတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုခိုင်မြဲလာခဲ့ကြောင်း၊ မိမိတို့ ရခိုင်တိုင်းရင်းသားများအဖို့ အိပ်မက်တောင်မမက်ဖူးသည့် ရန်ကုန်–စစ်တွေ၊ ရန်ကုန်–ကျောက်ဖြူ ကားလမ်းမကြီးများကို ငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ ရခိုင်ပြည်နယ် လူထုအပေါ်ထားသည့် သမိုင်းမော်ကွန်းထိုးရမည့် ပြယုဂ်များပင်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နေချိန်တွင် ပြည်တွင်းပြည်ပက အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်တားဆီးရမည်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် အမျိုးသားညီလာခံကြီးတွင် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြ၍ အမျိုးသားညီလာခံသည် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အောင်မြင်စွာ ပြီးစီးသွားပြီဖြစ်ကြောင်း၊ ယင်းသည် မိမိတို့ညီအစ်ကိုမောင်နှမများ၏ သွေးစည်းညီညွတ်မှုကိုပြသလိုက်သည့် ပြယုဂ်တစ်ခုပင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်သည့် အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများထဲက နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတွင် မိမိတို့အမျိုးသမီးများနှင့်ပတ်သက်သည့် အခြေခံမူအချို့ကို ကောက်နုတ်တင်ပြရလျှင်–

- **အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေး လစာတို့ကို ခံစားခွင့်ရှိသည်။**
- **နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ ဝန်ထမ်းရွေးချယ်သတ်မှတ်ရာ၌ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ဇာတိ၊ ကိုးကွယ်ရာဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားခြင်းမပြုရ။**
- **နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့ပြင်ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။**
- **နိုင်ငံတော်သည် မည်သည့်ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုး၊ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ**

ဟု ဖော်ပြပါရှိပါကြောင်း၊ ယင်းအခြေခံမူများသည် မိမိတို့ အမျိုးသမီးထုတစ်ရပ်လုံးအတွက် ကာကွယ်ရပ်တည်ပေးထားခြင်းဖြစ်ကြောင်းသိရှိရကြောင်း၊ မိမိတို့ ရခိုင်ပြည်နယ်အတွင်းတွင်ရှိကြသည့် အမျိုးသမီးထု တစ်ရပ်လုံးသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာသည့်အခါတွင် အခြားပြည်သူတစ်ရပ်လုံးနှင့်အတူ ဤအခွင့်အရေးများကို ခံစားခွင့်ရရှိလာကြမည်ဖြစ်ကြောင်း။

ထို့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် ပါဝင်မည့် တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အခြေခံမူများထဲမှ အခြေခံမူအချို့ကို ကောက်နုတ်တင်ပြရလျှင်–

- **နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်မည်။**
- **နိုင်ငံတော်သည် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်မည်။**
- **နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် လိုအပ်သောဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။**
- **နိုင်ငံတော်သည် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်မည်**

ဆိုသည့်အချက်များသည် ပြည်သူ့အကျိုးစီးပွားနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ပြီး အမျိုးသားပညာရည်မြင့်မားရေးကို ဦးတည်ရေးဆွဲထားသည်ဆိုသည်မှာ ပေါ်လွင်ထင်ရှားနေကြောင်း၊ အခြားအခြေခံမူများတွင်လည်း ပျော့ကွက်ဟာကွက်မရှိဘဲ တိကျ ပြည့်စုံမှန်ကန်စွာ ရေးဆွဲထားခြင်းဖြစ်၍ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း။

ယနေ့နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု အားကိုရယူကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာအောင် ကြိုးစားတည်ဆောက်လျက်ရှိကြောင်း၊ ယခုဆိုလျှင် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်မည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက မီးမောင်းထိုးပြထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တက်ညီလက်ညီချီတက်သွားကြပါက မဝေးတော့သည့် အနာဂတ်တွင် မိမိတို့ လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာမှာ မလွဲဧကန်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာခင်စိုး တင်သွင်းသွားသည့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ခိုင်မာပြည့်စုံ

ယင်းနောက် ပေါက်တောမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်ခင်ဇံက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နေထိုင်ကြသည့် လူဦးရေ ၅၆ သန်းရှိသည့်အနက် အမျိုးသမီးဦးရေသည် လူဦးရေ၏ ထက်ဝက်ကျော်ရှိပြီး နိုင်ငံတော်ကအားထားရသည့် အင်အားစုကြီးတစ်ရပ်အဖြစ် ရပ်တည်နေသကဲ့သို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် အသင်းဝင်အင်အား ငါးသန်းကျော်ရှိကြောင်း၊ တပ်မတော်အစိုးရက ဦးဆောင်ပြီး အနာဂတ် မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်သို့ ဖော်ဆောင်လျက်ရှိရာ မူဝါဒလမ်းစဉ်(၇)ရပ်မှ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် ယခင်က ကျင့်သုံးခဲ့သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ထက် ပိုပြီး ခိုင်မာပြည့်စုံမည်ဖြစ်ကြောင်း။

ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နှိုင်းယှဉ်ပါက ယခုချမှတ်ထားသည့် အခြေခံမူများသည် မိခင်၊ ကလေး၊ အိုမင်းမစွမ်းသူများအပြင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံးအတွက် ပြည့်စုံစွာ ဆွေးနွေးချမှတ်ထားသည်ကို တွေ့ရကြောင်း၊ အဆိုပါ အခြေခံမူများထဲမှ မိခင်၊ ကလေး၊ အိုမင်းမစွမ်းသူများနှင့် စပ်လျဉ်းသည့်အခြေခံရမည့် မူများတွင် **"နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသွားသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်မည်"**ဟုလည်းကောင်း၊ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အပိုဒ်(၇)တွင် **"မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှ ခံစားခွင့် ရှိစေရမည်"**ဟုလည်းကောင်း ချမှတ်ထားခြင်းများသည် မိခင်များ၊ ကလေးများ၊ အမျိုးသမီးများအတွက် အလေးထားပြီး အာမခံချက်ပေးထားခြင်းဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အသစ်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည့်အတွက် ယခုအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကိုယ်စား လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါကြောင်း တင်ပြအပ်ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရန် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရန် လိုအပ်ကြောင်း။

ထို့ကြောင့် တပ်မတော်အစိုးရလက်ထက်တွင် တစ်မျိုးသားလုံးကျန်းမာရေးကဏ္ဍနှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံးလွှမ်းခြုံဖော်ဆောင်မှုများကို စဉ်ဆက်မပြတ်လုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ရခိုင်ပြည်နယ်အတွင်းတွင် ခုတင်၂၀၀ဆံ့ဆေးရုံတစ်ရုံအပါအဝင် ဆေးရုံပေါင်း ၁၉ ရုံ၊ တိုက်နယ် ဆေးရုံပေါင်း ၂၃ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၀၂ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၀၈ ခု၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန ၁၈ ခု၊ ဒေသန္တရကျန်းမာရေးဌာန တစ်ခု၊ တိုင်းရင်းဆေးရုံတစ်ရုံ၊ တိုင်းရင်းဆေးပေးခန်း ၁၀ ခု၊ ကျောင်းကျန်းမာရေးအဖွဲ့လေးဖွဲ့၊ ကျန်းမာရေးဝန်ထမ်းပေါင်း ၁၄၀၈ဦးတို့ဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝဖော်ဆောင်ပေးလျက်ရှိနေကြောင်း။

အုတ်မြစ်ချပုံဖော်ဖန်တီး

ယနေ့နိုင်ငံတော်အစိုးရသည် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် ဦးတည်ချက်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေခြင်းသည် အနာဂတ်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အခြေခံကောင်းများကို အုတ်မြစ်ချ ပုံဖော်ဖန်တီးပေးနေခြင်းများဖြစ်သည်ဆိုသည်ကို မိမိတို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက အခိုင်အမာယုံကြည်လျက်ရှိပါကြောင်း ပြည်သူလူထုကြီးကိုယ်စား လေးလေးနက်နက် ပြောကြားလိုက်ပါကြောင်း။

ယခုကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖော်ဆောင်ရာတွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် မရှိမဖြစ်လိုအပ်ချက်တစ်ရပ် ဖြစ်ကြောင်း၊ ဤလိုအပ်ချက်နှင့်အညီ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအခြေခံမူများအပေါ် မူတည်ပြီး မိမိတို့မျှော်လင့်နေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်သည် မလွဲမသွေပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း။

ဤကဲ့သို့ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီရောင်ခြည်များသန်းကာ အေးအေးချမ်းချမ်းဖြစ်နေခြင်းကို မနာလိုမရှုဆိတ်ဖြစ်နေကြပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို မလိုလားကြသည့် ပြည်တွင်းပြည်ပအဖျက်သမားများက ရဟန်းရှင်လူ ပြည်သူအချို့ကို ခုတုံးလုပ်၍ ကုန်ဈေးနှုန်းကျဆင်းရေး၊ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဟူသော လိုလားချက်(၃)ရပ်ကို ဆန္ဒပြပွဲများဖန်တီးပြုလုပ်ပြီး တောင်းဆိုခဲ့ကြကြောင်း။

ချမှတ်ကျင့်သုံးဆောင်ရွက်

နိုင်ငံတော်အစိုးရက ဆန္ဒပြသူများ တောင်းဆိုနေသော အချက်(၃)ချက်ရရှိနိုင်သည့် နိုင်ငံရေးလမ်းစဉ်တစ်ရပ်ကို ဆန္ဒပြသမားများ မတောင်းဆိုမီကပင် ချမှတ်ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလမ်းစဉ်မှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ပင်ဖြစ်ကြောင်း၊ ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးအား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည့်အတွက် လိုလားချက်(၃)ရပ်နှင့် ပြည့်စုံရန်နီးကပ်လာပြီဖြစ်ကြောင်း။

နောက်တစ်ဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲပြီးသည့်အခါ ပြည်သူတို့အား ချပြပြီး ဆန္ဒခံယူရန်ဖြစ်ကြောင်း၊ ဆန္ဒခံယူပွဲမှ ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုချက်ရလျှင် အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကို ဖွဲ့စည်းသွားပြီး လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲနှင့် လွှတ်တော်မှဖွဲ့စည်းပေးသော အစိုးရအဖွဲ့၊ အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း။

လုပ်ကြံပြောဆို

ပြည်သူတို့လိုလားချက်များ လက်တစ်ကမ်းအလို ရောက်ရှိနေချိန်တွင် ပြည်တွင်းပြည်ပ အခါတော်ပေးအချို့နှင့် ပြည်ပအသံလွှင့်ဌာနအချို့၏ မှိုင်းတိုက်မှု၊ ချဲ့ကားပြောဆိုမှုနှင့် လုပ်ကြံပြောဆိုမှုများသည် ပြည်သူလူထု တစ်ရပ်လုံး ချီတက်လျှောက်လှမ်းနေသည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် အနှောင့်အယှက်အဟန့်အတားများပင် ဖြစ်ကြောင်း။

ဤကဲ့သို့ အဖျက်သမားတစ်စု၏ သွေးထိုးလှုံ့ဆော်မှုကြောင့် နိုင်ငံအတွင်းတွင် ဆန္ဒပြမှုများ၊ အကြမ်းဖက်ဆူပူလှုပ်ရှားမှုများစသည့် ပြည်သူလူထုအတွင်း မတည်မငြိမ်ဖြစ်အောင်၊ ပြည်သူများ အသက်အိုးအိမ် စည်းစိမ်ပျက်ပြားမှုများဖြစ်အောင်ပြုလုပ်သည့် လုပ်ရပ်များကို မိမိတို့ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်မခံနိုင်ကြောင်း၊ ထို့ကြောင့် တိုင်းနှင့်ပြည်နယ်အသီးသီးတွင်ရှိသည့် တည်ငြိမ်အေးချမ်းမှုကို လိုလားကြသည့် တိုင်းရင်းသားပြည်သူလူထုများက အဖျက်သမားလူတစ်စု၏ လုပ်ရပ်ကြောင့် ဖြစ်ပေါ်လာသည့် ဆူပူဆန္ဒပြအကြမ်းဖက်မှုများကို ဆန့်ကျင်ရှုတ်ချလျက်ရှိကြကြောင်း။

မိမိတို့ရခိုင်ပြည်နယ်အတွင်းတွင်ရှိသည့် ဒေသအသီးသီးက တိုင်းရင်းသားပြည်သူများကလည်း ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ အဆက်မပြတ် ပြုလုပ်နေကြကြောင်း၊ ထို့ကြောင့် ယခုအခမ်းအနားသို့ တက်ရောက်လာကြသည့်

14-10 (08) 1 10/14/07, 2:20 AM

ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်လေးခရိုင်ကိုယ်စားပြု ပြည်သူလူထုကြီးကိုယ်စား နိုင်ငံတော်မူဝါဒလမ်းစဉ်(၇)ရပ်ကို ဟန့်တားနှောင့်ယှက်မှု လုပ်ရပ်မှန်သမျှအား လုံးဝဆန့်ကျင်ရှုတ်ချပါကြောင်း လေးလေးနက်နက် ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း စည်းကမ်းပြည့်ဝပြီး စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ယုံယုံကြည်ကြည် လိုလိုလားလား ထောက်ခံလျက်ရှိသည့်အတွက် အဆိုရှင်တင်သွင်းသွားသည့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း အဆိုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကိုခွင်းချက်မရှိ ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ပုံဖော်တည်ဆောက်

ဆက်လက်၍ စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်ကျော်ညွန့်(အငြိမ်းစား)က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင်–

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူများ လိုလားတောင့်တလျက်ရှိကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာအောင် ပုံဖော်တည်ဆောက်လျက်ရှိကြောင်း၊ ဤကဲ့သို့ ပုံဖော်တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များသည် တစ်စတစ်စ ရုပ်လုံးပေါ်လာပြီဖြစ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲနိုင်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အခြေခံဥပဒေတွင် အားနည်းချက်မပါစေရန် နက်နက်ရှိုင်းရှိုင်း အမြော်အမြင်ရှိရှိဝေဖန်သုံးသပ်ပြီး အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်သည့်အတွက် တိုင်းရင်းသား ပြည်သူအားလုံး၏ အကျိုးစီးပွားကို မြင့်မြင့်မားမားအကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း။

တစ်ခဲနက် ကြွေးကြော်

ရခိုင်ပြည်နယ် စစ်တွေမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်၍ အခမ်းအနားကို ရုပ်သိမ်းစဉ်။

(သတင်းစဉ်)

ဤကဲ့သို့ ခေတ်အဆက်ဆက်တွင် အစဉ်အလာကောင်းများဖြင့် ဦးဆောင်နေသော တပ်မတော်၏အခန်းကဏ္ဍကို အမျိုးသားညီလာခံကြီးတွင် ပါဝင်တက်ရောက်လျက်ရှိကြသည့် အစုအဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်က နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းသော အခြေခံမူတွင် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု ကဏ္ဍတွင် တပ်မတော်ကပါဝင် ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက် ဦးတည်သည်ဆိုသည့်အချက်ကို တညီတညွတ်တည်း ချမှတ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မှန်ကန်သင့်မြတ်

ယနေ့ ကမ္ဘာနှင့်အဝန်း နိုင်ငံတိုင်းတွင် လုံခြုံရေးကို အဓိကဦးစားပေးပြီး ဆောင်ရွက်နေရချိန်၌ နိုင်ငံတော်နှင့် ပြည်သူလူထု၏ လုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိနေသည့် တပ်မတော်ကို နိုင်ငံတော်၏ အနာဂတ် အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ထမ်းရွက်စေသည်မှာ မှန်ကန်သင့်မြတ်လှကြောင်း။

အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများထဲမှ တပ်မတော်နှင့်သက်ဆိုင်သည့်အချက်အချို့ကို ထုတ်နုတ်တင်ပြရလျှင်–

- **တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော်ဖြစ်သည်။**
- **တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။**
- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။**
- **နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်ဟု ပါရှိပါကြောင်း။**

ယင်းအခြေခံမူများသည် အနာဂတ်ကာလတွင် နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြောင်း ခိုင်မာစွာ ချမှတ်ထားခြင်းဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်

ယခုကဲ့သို့ အမျိုးသားညီလာခံကိုယ်စားလှယ်များက အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်ရန် အမြဲတမ်းအသင့်ရှိနေသည့် တပ်မတော်ကို ပစ္စုပ္ပန်တွင်သာမက အနာဂတ်ကာလတွင်လည်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ပေးအပ်ခြင်းသည် မိမိတို့ ပြည်သူလူထုဆန္ဒနှင့်လည်း တစ်ထပ်တည်းကျသည်ဆိုသည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

မိမိတို့မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးသည် တပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုကို စဉ်ဆက်မပြတ်ခံယူပြီး တပ်မတော်၏ အရန်အင်အားအဖြစ် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိနေကြောင်း၊ ထို့အပြင် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိနေကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် အမျိုးသားနိုင်ငံရေးကဏ္ဍ၊ တပ်မတော်ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍတို့တွင် တပ်မတော်၏အရန်အင်အားအဖြစ် အထူးအလေးထားပြီး ကြိုးပမ်းဆောင်ရွက်လျက် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိနေကြောင်း။

အသွင်သဏ္ဌာန်မျိုးစုံ

နိုင်ငံတော်အစိုးရ၏ အသွင်ကူးပြောင်းရေးကာလအရှိန်အဟုန်မြင့် တိုးတက်အောင်မြင်နေချိန်တွင် ပြည်ပအင်အားကြီးနိုင်ငံအချို့၏ မြန်မာနိုင်ငံအား ခေတ်သစ်ကျွန်ပြုရေး၊ ဖြတ်လမ်းကအာဏာရယူလိုသည့်လူတစ်စု၏ အဖျက်အမှောင့်လုပ်ရပ်များသည် အသွင်သဏ္ဌာန်မျိုးစုံဖြင့် ထိုးနှက်ဆောင်ရွက်လျက်ရှိနေကြသည်ကို ပြည်သူအားလုံး တွေ့မြင်ခံစားနေကြရပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံစီးပွားရေးကျဆင်းစေရန်အတွက် နိုင်ငံခြားမှရင်းနှီးမြှုပ်နှံထားသည့် စက်ရုံ၊ အလုပ်ရုံများပိတ်ပစ်ပြီး အလုပ်လက်မဲ့များဖြစ်အောင်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမပြုလုပ်နိုင်အောင်၊ ရင်းနှီးမြှုပ်နှံထားမှုများကိုလည်း ပြန်လည်ရုပ်သိမ်းစေအောင်၊ ကမ္ဘာလှည့်ခရီးသည်များမလာအောင်၊ မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းမှုမရှိသယောင် ပုံကြီးချဲ့ကားပြီး နိုင်ငံ့သိက္ခာကျဆင်းအောင်၊ မြန်မာနိုင်ငံကို ကူညီပံ့ပိုးမည့်ကိစ္စမှန်သမျှကိုလည်း စီးပွားရေးပိတ်ဆို့မှုများ အပါအဝင်နည်းမျိုးစုံဖြင့် အခက်အခဲ၊ အကျပ်အတည်းများဖြစ်အောင် ဖြောင်ကျကျ ၎င်းတို့ကပင် ၎င်းတို့ဆရာကြီးများနှင့် အခါမလပ်ပူးပေါင်းကြံစည် လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း။

သွေးထိုးမြှောက်ပင့်

ဤကဲ့သို့ပိတ်ဆို့မှု၊ တားဆီးမှု၊ အခက်အခဲ၊ အကျပ်အတည်းတွေကြားထဲကပင် နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ကြံ့ကြံ့ခံရင်ဆိုင်တွန်းလှန်ကျော်လွှားခဲ့ကြ၍ ယနေ့အချိန်အခါတွင် ဘက်ပေါင်းစုံ တိုးတက်ဖွံ့ဖြိုးသည့်အခြေအနေကို ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ အနည်းငယ်မျှသော၊ မဆိုစလောက်သော စီးပွားရေးအခက်အခဲအချို့ကို အကြောင်းပြစရာမရှိ ရှာကြံအကြောင်းပြပြီး ၎င်းတို့ လုပ်ဆောင်ချက်မပါဘဲ နိုင်ငံတော်အစိုးရအပေါ်ကိုသာ အပြစ်ပုံချခဲ့ကြကြောင်း၊ဤကဲ့သို့အကြောင်းပြချက်များဖြင့် မသိနားမလည်သူအချို့ကို ဆူပူအကြမ်းဖက်လာအောင်၊ အစိုးရအပေါ်ဆန့်ကျင်လာအောင် ၎င်းတို့ကပင် သွေးထိုးမြှောက်ပင့်ပေးနေကြခြင်းဖြစ်ကြောင်း။

ထို့ကြောင့်နိုင်ငံတော်တွင် တိုးတက်သင့်သလောက် မတိုးတက်ရခြင်းသည် ၎င်းတို့သည်သာ လက်သည်တရားခံများဖြစ်ကြောင်း၊ နိုင်ငံတော်တွင် အလုပ်လက်မဲ့များ ဖြစ်ပေါ်လာရခြင်းသည် ၎င်းတို့သည်သာ အဓိကတရားခံများဖြစ်ကြောင်း၊ နိုင်ငံတော်တွင် မတည်မငြိမ်ဖြစ်ရခြင်းသည် ၎င်းတို့သည်သာ အစစ်အမှန် တရားခံများဖြစ်ကြကြောင်း။

လက်တွဲတွန်းလှန်ကာကွယ်

ထို့ကြောင့် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးကို နှောင့်ယှက်ဖျက်ဆီးနေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တွန်းလှန်ဖြိုဖျက်သွားကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးအနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်လျက် ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံပူးပေါင်းပါဝင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းနှင့် ပြည်တွင်းပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူများနှင့်အတူ လက်တွဲတွန်းလှန် ကာကွယ်တားဆီးသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားရင်း အဆိုရှင်တင်သွင်းသွားသည့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ခြွင်းချက်မရှိ ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ယင်းနောက် စစ်တွေမြို့မှ ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် ဒုတိယပြည်နယ်ဥပဒေအရာရှိ(အငြိမ်းစား)ဦးသာလှက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အနာဂတ်နိုင်ငံတော်အတွက် အဓိကအရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည့် အခြေခံ ဥပဒေသစ်ပေါ်ပေါက်ရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ပေးခဲ့သော အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့် မင်္ဂလာသတင်းကို ကြားသိခဲ့ကြရသည့်အခါ ဝမ်းသာကြည်နူးစိတ်ဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း။

အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်များသည် မိမိတို့ တိုင်းရင်းသားပြည်သူများ၏ စရိုက်၊ လက္ခဏာ၊ ရေမြေရာသီဥတုသဘာဝနှင့် အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ပြည့်စုံအောင် ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံမူများထဲမှ တိုင်းရင်းသားများနှင့် စပ်လျဉ်းသော အခြေခံမူများကို ကောက်နုတ် တင်ပြရလျှင်–

"အနာဂတ်နိုင်ငံတော်ကို တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇)ပြည်နယ်အပြင် 'ဝ'တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခု၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နှင့် ကိုးကန့် စသည့် တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကြီး(၅)ခုတို့နှင့် ဖွဲ့စည်းသွားမှာဖြစ်ပါကြောင်း၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်များနှင့် အစိုးရအဖွဲ့များကို ဖွဲ့စည်းသွားမှာဖြစ်သလို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားစီရင်ရေးအတွက် တရားလွှတ်တော်များ ဖွဲ့စည်းခွင့်ရရှိမှာဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတရားရုံးများကိုလည်း ထားရှိမှာဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိပြီးတဲ့ တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် နိုင်ငံတော်ရဲ့ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ရှိသည့် လူမျိုးတိုင်းအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် ကိုယ်စားလှယ်တစ်ဦးကျစီ ရရှိကြမှာဖြစ်ကြောင်း၊ လူဦးရေတစ်သောင်းနှင့် အထက်ရှိတဲ့ တိုင်းရင်းသား လူမျိုးတွေဟာ မိမိတို့နေထိုင်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးများတွင် ကိုယ်စားလှယ်တစ်ဦးရရှိမှာဖြစ်ကြောင်း" ဖော်ပြပါရှိကြောင်း၊ **ဒါကြောင့် အသစ်ပေါ်ပေါက်လာမည့် အခြေခံဥပဒေတွင် တိုင်းရင်းသားများအတွက် ယခင်က ပြဋ္ဌာန်းခဲ့သည့် အခြေခံဥပဒေများထက် အခွင့်အရေးများ ကျယ်ဝန်းနက်ရှိုင်းစွာ ပါဝင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့အပြင် "နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း"**ဖော်ပြပါရှိကြောင်း၊ ထို့ကြောင့် အသစ်ပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးအားလုံး၏ အခွင့်အရေးများကို ကွက်လပ်မကျန်အောင် အလေးထားပြီး ချမှတ်ထားခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်လျက်ရှိကြောင်း၊ **ဤကဲ့သို့ အမျိုးသားညီလာခံကြီးက တိုင်းရင်းသားများ၏အကျိုးကို ရှေးရှုသည့် အခြေခံမူများကို ချမှတ်ခဲ့သော်လည်း ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများက တိုင်းရင်းသားများ၏အခွင့်အရေးကို လျစ်လျူရှုသည်ဆိုပြီး ပုံကြီးချဲ့ကာ ဝေဖန်ပြစ်တင်လျက်ရှိကြကြောင်း၊ ယင်းသို့ စွပ်စွဲပြောဆိုနေခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ ပြည်ထောင်စုကြီးပြိုကွဲအောင် ဦးတည်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဖျက်သမားများ၊ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ပျက်စီးအောင်လုပ်ဆောင်နေသူများကို မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးသတိဖြင့် တွန်းလှန်ချေမှုန်းသွားကြရမည်ဖြစ်ကြောင်း။**

ရေရှည်တည်တံ့ခိုင်မြဲ

၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် အားနည်းချက်အကြောင်းအမျိုးမျိုးပေါ်တွင် မူတည်ပြီး ဆက်လက်ကျင့်သုံးနိုင်ခြင်းမရှိဘဲ ပျက်ပြယ်သွားခဲ့ရကြောင်း၊ ယခုအခါတွင် မြန်မာနိုင်ငံ၏သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေတို့နှင့် အကိုက်ညီဆုံးနှင့် ရေရှည်တည်တံ့ခိုင်မြဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အတွက် မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး၊ လူထုလူတန်းစား အလွှာပေါင်းစုံက ကိုယ်စားလှယ်ပေါင်းစုံပါဝင်သည့် အမျိုးသားညီလာခံကိုကျင်းပပြီး အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ခြင်းသည် အနာဂတ်နိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာရေးတို့အတွက် အာမခံချက်ပေးလိုက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်အဆိုရှင် တင်သွင်းသွားသည့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ရပ်မိရပ်ဖများကိုယ်စား လှိုက်လှဲစွာ ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

အလေးအနက်ယုံကြည်

ဆက်လက်၍ စစ်တွေမြို့မှ ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် ပြည်နယ်ကျန်းမာရေးအရာရှိ ဒေါက်တာစန်းရွှေက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် မိမိတို့နိုင်ငံသည် ရေရှည်တည်တံ့သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ရန်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရှိရန် လိုအပ်ကြောင်း၊ ကျစ်လျစ်ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိမှသာလျှင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ခိုင်ခိုင်မာမာ ကာကွယ်စောင့်ရှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ ပြည်သူလူထုတစ်ရပ်လုံးက မျှော်လင့်တောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မြန်မြန်ဆန်ဆန်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မလွဲမသွေပြဋ္ဌာန်းရမည်ဟု မိမိတို့တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးက အလေးအနက်ယုံကြည်လက်ခံခဲ့ကြကြောင်း။

နိုင်ငံတစ်ခုတွင် စနစ်တစ်ခုကနေ နောက်စနစ်တစ်ခုကို အသွင်ပြောင်းရေး ဆိုသည်မှာ အပြောလွယ်သော်လည်း လက်တွေ့နယ်ပယ်တွင် ကျယ်ဝန်းနက်ရှိုင်းလှကြောင်း၊ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သည့် အလွန်ကြီးမားကျယ်ပြန့်ရှုပ်ထွေးလှသော လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တာဝန်ကို မလွဲမသွေ တာဝန်ယူလိုက်ရချိန်ကစပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို အလေးပေးပြီးဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အေးချမ်း တည်ငြိမ်လာသည်နှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး တိုင်းနှင့် ပြည်နယ်အားလုံး အကြားအလပ်မရှိ ဘက်စုံ၊ ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်လာအောင် နေ့မအား၊ ညမနား ဆောင်ရွက်ခဲ့ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု

မိမိတို့ ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်အချို့ကို အနည်းငယ်ခန့် တင်ပြလိုကြောင်း၊ မိမိတို့ပြည်နယ်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ပညာရေးကဏ္ဍတွင် ရခိုင်ပြည်နယ်တစ်ဝန်းလုံး၌ အထက်တန်းကျောင်း ၅၇ ကျောင်း၊ အလယ်တန်းကျောင်း ၁၃၆ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၄၄ ကျောင်းနှင့် မူလတန်းကျောင်း ၂၅၁၆ ကျောင်းတို့တွင် မိမိတို့၏ သားငယ်၊ သမီးငယ် ၄၈၄၆၂၄ ယောက်ခန့်က ပညာရည်နို့သောက်စို့နေကြကြောင်း၊ **မိမိတို့ငယ်စဉ်က တက္ကသိုလ်ပညာကို မြို့ကြီးပြကြီးများတွင်သာ သွားရောက်သင်ယူခဲ့ကြရကြောင်း၊ ယခု မိမိတို့၏ သားငယ်သမီးငယ်များသည် အဆင့်မြင့်ပညာကို မိမိတို့ပြည်နယ်တွင်းတွင် မဟာဘွဲ့အထိ လေ့လာသင်ယူနိုင်ကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ အမြော်အမြင်ကြီးစွာ တည်ဆောက်ပေးနိုင်မှုကြောင့် ကြီးကျယ်ခမ်းနားထည်ဝါလှသည့် စစ်တွေတက္ကသိုလ်၊ စစ်တွေနည်းပညာတက္ကသိုလ်၊ စစ်တွေကွန်ပျူတာတက္ကသိုလ် စသည့် အဆင့်မြင့်တက္ကသိုလ်များသည် မိမိတို့ ရခိုင်ပြည်နယ်တွင် ပေါ်ထွန်းလာခဲ့ကြောင်း။**

စာမျက်နှာ ၁၀ ကော်လံ ၁

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ

လွိုင်လင်မြို့နယ်မှ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့်ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချ

နေပြည်တော် အောက်တိုဘာ ၁၃

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၁ရက်တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

လွိုင်လင်

လွိုင်လင်မြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ လွိုင်လင်မြို့ ပေါ်ရပ်ကွက် လေးရပ်ကွက်၊ ပင်လုံမြို့နယ်နှင့် မိုင်းပွန်၊ တောင်နောက်၊ ပန်ဝိုး၊ လွိုင်လင်ကျေးရွာအုပ်စုတို့မှ ပြည်သူအင်အား ၁၅၀၀၀ကျော်တို့ တက်ရောက်ကြပြီး လွိုင်လင်မြို့နယ် အားကစားကွင်းမှ ပြည်ထောင်စုလမ်းအတိုင်း၊ ၎င်းမှ ဗိုလ်ချုပ်လမ်း၊ ၎င်းမှ စည်ပင်သာယာဈေးရှေ့မှ ဘုရင့်နောင်လမ်းအတိုင်း၊ ၎င်းမှ မွေတော်ကျောင်းလမ်းအတိုင်း လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်ဟူသော ကြွေးကြော်သံများကို သံပြိုင်ညီညီ ကြွေးကြော်ကြကာ သူ့ကျွန်မခံပါ၊ တည်ငြိမ်အေးချမ်းမှုကို မဖျက်ဆီးပါနှင့်၊ ပြည်ပ ဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်ကြ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးကို အားပေးကြ၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်ကို ထောက်ခံပါသည်၊ ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒ ဒို့လက်မခံ၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ RFA ၊ VOA နှင့် BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြ သွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး လွိုင်လင်မြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာမှုများအပေါ် မိမိတို့ တိုင်းရင်းသား မိဘပြည်သူအားလုံးက ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြကြောင်း၊ ယင်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်သည့် လက်တစ်ဆုပ်စာ လူတစ်စုက ပြည်ပနိုင်ငံကြီးများနှင့် ၎င်းတို့နောက်လိုက် အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်တိုးတက်မှုများကို ပျက်ပြားသွားအောင်၊ အလုံးစုံပျက်စီးသွားအောင် ကြံစည်လုပ်ဆောင်လာကြကြောင်း၊ ဤကဲ့သို့ သွေးထိုးလှုံ့ဆော်မှုများကြောင့် မကြာမီက လူနည်းစု၏ ဆူပူမှု၊ ဆန္ဒပြလှုပ်ရှားမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ ဆန္ဒပြဆူပူမှု၊ လှုပ်ရှားမှုများကို လေ့လာသုံးသပ်လျှင် ပြည်တွင်းပြည်ပဆန့်ကျင်ရေး အင်အားစုများသည် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးစီးသွားသည့် အခါတွင် ၎င်းတို့လိုလားသော ပုံစံအတိုင်း မဖြစ်လာနိုင်တော့သည့်အတွက် ပြည်သူလူထုကို လေလှိုင်းကြားကတစ်ဆင့် အခါပေးပြီး သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လာကြကြောင်း၊ ယင်းကဲ့သို့ ပြည်ပအသံလွှင့်ဌာနများက ကုန်ဈေးနှုန်းကျဆင်းရေးကို အကြောင်းပြုပြီး ပြည်သူလူထုကို မှိုင်းတိုက်၊ ချဲ့ကား၊ လုပ်ကြံအသံလွှင့်မှုများကြောင့် နိုင်ငံရေးပရိယာယ် မကြွယ်ဝသေးသည့် သံဃာအချို့နှင့် လူအချို့သည် ပြည်ပသတင်းမီဒီယာများ၏ အသုံးချမှုကိုခံရပြီး ဆူပူလှုပ်ရှားမှုများ လုပ်လာကြကြောင်း၊ ယင်းဆူပူလှုပ်ရှားမှုများကို နိုင်ငံတော်အနေဖြင့် စိတ်ရှည်သည်းခံပြီး သိမ်မွေ့ညင်သာစွာဖြင့် ဆောင်ရွက်နိုင်ခဲ့၍ အချိန်တိုကာလအတွင်းတွင် အေးချမ်းတည်ငြိမ်မှုကို ပြန်လည်တည်ဆောက်နိုင်ခဲ့ကြောင်း၊ သို့အတွက်ကြောင့် မိမိတို့ တိုင်းရင်းသားပြည်သူများအနေဖြင့် ပြည်ပ သတင်းဌာနများ၏ အခြေအမြစ် မရှိဘဲ မဟုတ်မမှန် သတင်းထုတ်ပြန်ချက်များကို နားမယောင်မိရန်နှင့် မိမိတို့၏ ဆင်ခြင်တုံတရားကို လက်ကိုင်ထားရန် လိုအပ်ကြောင်း။

ထောက်ခံကြိုဆို

ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက ချမှတ်ပေးလိုက်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအရ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများမျှော်လင့်နေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ပေးနိုင်မည်ဟု အပြည့်အဝ ယုံကြည်ကြကြောင်း၊ ထို့ကြောင့် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အဆိုရှင် တင်သွင်းသွားသည့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ရှုတ်ချကြောင်းအဆိုကို ခြွင်းချက်မရှိ ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံ ဆွေးနွေးသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကို ရယူရာ တက်ရောက်လာကြသော ပြည်သူလူထုက အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် ဤအစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

တစ်ခဲနက်ကြွေးကြော်

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်)ဟူသော ကြွေးကြော်သံများကို အားမာန်အပြည့်ဖြင့် တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၉ နာရီတွင် အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ယူရို ၂၀၀၈ ခြေစစ်ပွဲရလဒ်များ

လန်ဒန် အောက်တိုဘာ ၁၃

ယူရို ၂၀၀၈ ခြေစစ်ပွဲများကို အောက်တိုဘာ ၁၃ရက်က ဆက်လက်ကစားရာ အုပ်စု(င)မှ အင်္ဂလန်အသင်းက အက်စ်တိုးနီးယားအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဂိုးသွင်းသူများနှင့် ရလဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ပွဲရလဒ်များ

အင်္ဂလန် ၃ – ၀ အက်စ်တိုးနီးယား

ရိုက်ဖီးလစ်(၁၁မိနစ်)
ရွန်နေ (၃၂မိနစ်)
တာဗီရမ် (၃၃မိနစ်) (ကိုယ့်ဂိုးကိုယ်သွင်းမိ)

ဟန်ဂေရီ ၂ – ၀ မော်လ်တာ

ဖီဇီဆင် (၃၄မိနစ်)
တိုင်ဆာ (၇၈မိနစ်)

စကော့တလန် ၃ – ၁ ယူကရိန်း

ကင်နီမီလာ (၄မိနစ်) ရှက်ဗ်ချင်ကို (၂၄မိနစ်)
မက်ကူလော့ (၁၀မိနစ်)
မက်ဖာဒန် (၆၈မိနစ်)

ဖာရိုးကျွန်းစု ၀ – ၆ ပြင်သစ်

အနယ်ကာ(၆မိနစ်)၊ ရိုသန် (၆၆မိနစ်)
အွန်နရီ(၈မိနစ်)၊ ဘန်ဇီမာ (၈၁မိနစ်)
ဘင်ဇီမာ(မိနစ်၅၀)၊ ဘင်အာဖာ(မိနစ်၉၀)

ဆလိုဗက်ကီးယား ၇ – ၀ ဆန်မာရီနို

ဟမ်ဆစ်(၂၄မိနစ်)၊ ဟိုလိုစကို (၅၄မိနစ်)
စီးစတပ် (၃၂မိနစ်)၊ စီးစတပ် (၅၇မိနစ်)
ဆာပါရာ(၃၇မိနစ်)၊ ဒူရီကာ(၇၆မိနစ်)(ပယ်နယ်တီ)
မာတင် (၅၁မိနစ်)

အာမေးနီးယား ၀ – ၀ ဆာဗီးယား

ဘီလာရုစ် ၀ – ၀ လူဇင်ဘတ်

ပေါ်တူဂီ ၂ – ၀ အဇာဘိုင်ဂျန်

(အင်တာနက်)

ထိုးဖောက်ကစား

ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် အင်္ဂလန်နှင့် အက်စ်တိုးနီးယားတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အင်္ဂလန်တိုက်စစ်မှူး ရွန်နေ ဤသို့ ထိုးဖောက်ကစားခဲ့သည်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အရပ်သားများသေဆုံးသလို အမေရိကန်တပ်ဖွဲ့လည်းကစဥ့်ကလျားဖြစ်နေ

ကားဗုံးဖောက်ခွဲတိုက်ခိုက် ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၃

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၂၈၀ အကွာရှိ ကယ်ကွတ်မြို့တွင် အောက်တိုဘာ ၁၁ ရက်က ကားဗုံးဖောက်ခွဲမှုတစ်ရပ် ဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၅၀ကျော် ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။

အဆိုပါ ကားဗုံးဖောက်ခွဲမှုမှာ ကယ်ကွတ်မြို့ရှိ လူစည်ကားရာ ဈေးကြီးအတွင်း ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခံရပြီးနောက် မော်တော်ယာဉ်အပျက်အစီးများကို အောက်တိုဘာ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်အသေခံဗုံးခွဲမှု အနည်းဆုံးရှစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၃

ဘဂ္ဂဒက်မြို့တော်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ကြာသပတေးနေ့ညနေက အနည်းဆုံးရှစ်ဦးသေဆုံးပြီး ၂၅ဦးဒဏ်ရာရသွားသည်ဟု တာဝန်ရှိသတင်းရပ်ကွက်က ပြောဆိုသည်။

ဘဂ္ဂဒက်မြို့တော် အရှေ့တောင်ဘက် နယူးဘဂ္ဂဒက်ရှိ လက်ဖက်ရည်ဆိုင်၌ ကြာသပတေးနေ့ည ၉နာရီခန့်တွင် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့်ကားဖြင့် အသေခံဗုံးခွဲခြင်းဖြစ်သည်။

ထိုနေ့ စောစောပိုင်းကလည်း မြို့တော်အတွင်း လမ်းဘေးဗုံးနှစ်လုံးခွဲမှုကြောင့် ခုနစ်ဦး ဒဏ်ရာရသွားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ပစ်ခတ်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၁၃

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ အနောက်မြောက်ပိုင်း ၃၅မိုင်အကွာရှိ စီမီတောင်ကြား၌ အောက်တိုဘာ ၉ရက် နံနက်ပိုင်းက သေနတ်သမားများ ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

<u>သေဆုံး</u>

အဆိုပါ အခင်းဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့ဝင်များ ချက်ချင်းရောက်ရှိချိန်၌ နှစ်ဦးမှာ သေဆုံးနေကြောင်း၊ ကျန်နှစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ရာ ပြည်နယ်ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ပေးခဲ့ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ ပြစ်မှုကျူးလွန်သည့် လုံခြုံရေးကုမ္ပဏီများအား တရားစွဲဆိုနိုင်ရေး အမေရိကန်အစိုးရကို ကုလသမဂ္ဂတိုက်တွန်း

ဘဂ္ဂဒက် အောက်တိုဘာ ၁၃

အီရတ်နိုင်ငံအတွင်း ပြစ်မှုများကျူးလွန်သော မည်သည့်အမေရိကန်ပုဂ္ဂလိက ကန်ထရိုက်ကိုမဆို တရားစွဲဆိုနိုင်ရေး အခိုင်အမာပြုလုပ်ရန် အမေရိကန်အစိုးရအား ကုလသမဂ္ဂက အောက်တိုဘာ ၁၁ရက်၌ တိုက်တွန်းလိုက်သည်။

အီရတ်၌ ပြီးခဲ့သည့်လ ၁၆ရက်က အမေရိကန်ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီ ဘလက်ဝါးတား ပါဝင်ပတ်သက်သည့် အီရတ် ၁၇ဦး အသတ်ခံရမှုကြောင့် အီရတ်အစိုးရနှင့် အမေရိကန်အစိုးရတို့အကြား ဆက်ဆံရေး တင်းမာစေသည့်အပြင် အီရတ်၌ တရားစွဲဆိုအရေးယူခြင်းမှ ကင်းလွတ်နေသည့် ပုဂ္ဂလိကလုံခြုံရေးကန်ထရိုက်များအား ပိုမိုတင်းကျပ်စွာ ထိန်းချုပ်ပေးရန် တောင်းဆိုမှုများ ပေါ်ပေါက်စေခဲ့သည်။

တုံ့ပြန်ပြောကြား

ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများသည် အီရတ်၌ ပြစ်ဒဏ်ကင်းလွတ်သည့် ပုဂ္ဂလိက စစ်တပ်များနှင့်မခြားပြုမူနေကြသည်ဟု အီရတ်ပြည်သူအများအပြားကရှုမြင်သည်။ ဘလက်ဝါးတားကုမ္ပဏီမှ လုံခြုံရေးအစောင့်များသည် ပြီးခဲ့သည့်လက အီရတ်ပြည်သူ ၁၇ဦးကို တမင်ပစ်သတ်သည်ဟု အီရတ်အာဏာပိုင်များက စွပ်စွဲသည်။ သို့သော် ဘလက်ဝါးတားကုမ္ပဏီကမူ ၎င်း၏လုံခြုံရေးအစောင့်များသည် သူတို့တာဝန်ယူထားသည့် မော်တော်ယာဉ်တန်းကို ခြိမ်းခြောက်လာမှုအပေါ် တရားဥပဒေအရ တုံ့ပြန်ကာကွယ်ခြင်းသာ ဖြစ်သည်ဟု ပြောကြားသည်။

ပစ်သတ်ခံရ

ယခု ရက်သတ္တပတ်တွင်လည်း အီရတ်အမျိုးသမီးနှစ်ဦး ပစ်သတ်ခံရမှုတွင် နိုင်ငံခြားပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီတစ်ခု ပါဝင်ပတ်သက်သည့် ဒုတိယအကြိမ်မြောက် ပစ်ခတ်မှုဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်ခဲ့ပြန်သည်။

ပြောကြား

သေဆုံးသူနှစ်ဦး၏မော်တော်ယာဉ်မှာ အကြိမ်ကြိမ် အချက်ပြသည့်ကြားထဲက ဇွတ်အတင်း မောင်းလာသည့်အတွက် လုံခြုံရေးအစောင့်များက ပစ်ခတ်ရသည်ဟု ဒူဘိုင်းအခြေစိုက် ဩစတြေးလျပိုင် ယူနစ်တီရီဆို့ဆက်ဂရုကုမ္ပဏီက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်ရဲအကြီးအကဲကားတန်း ဗုံးခွဲတိုက်ခိုက်ခံရ

ကယ်ကွတ် အောက်တိုဘာ ၁၃

အီရတ်နိုင်ငံ မြောက်ပိုင်း ကယ်ကွတ်ယာဉ်ထိန်းရဲအကြီးအကဲကို ပစ်မှတ်ထား တိုက်ခိုက်သည့် ကြာသပတေးနေ့က ကားဗုံးခွဲမှုကြောင့် အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး ၅၀ဒဏ်ရာရသွားသည်။ ယင်းမှာ အီရတ်မြောက်ပိုင်းမှ ထိပ်တန်းရဲအရာရှိများအား ဆက်တိုက်ထိုးနှက် တိုက်ခိုက်မှု၏နောက်ဆုံးဖြစ်စဉ်ဖြစ်သည်။

ရဲမှူးချုပ် ဆာလာအာမက်က သူ့ကားတန်းကို ဗုံးခွဲတိုက်ခိုက်သည့်အတွက် သူ့တွင် အနည်းငယ်သာဒဏ်ရာရရှိသော်လည်း ကိုယ်ရံတော်နှစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရသွားကြောင်း ရိုက်တာသို့ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အမေရိကန်ကြည်းတပ် ကစဥ့်ကလျားဖြစ်နေ

ဝါရှင်တန် အောက်တိုဘာ ၁၃

အမေရိကန်ကြည်းတပ်မှာ အကြီးအကျယ်ဖိစီးမှုခံနေရပြီး ကစဥ့်ကလျားဖြစ်နေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က အောက်တိုဘာ ၁၀ရက်တွင် ဝန်ခံလိုက်သည်။

အမေရိကန်ကြည်းတပ်တွင် ရန်ပုံငွေအလုံအလောက်မရှိသည်ကိုလည်း ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က အမေရိကန် ကြည်းတပ်အသင်း၏ နှစ်ပတ်လည်အစည်းအဝေး၌ ဝန်ခံပြောကြားလိုက်ပြီး လာမည့်နှစ်များတွင် ကြည်းတပ်အတွက် အမေရိကန်အစိုးရက ငွေကြေးအလုံအလောက်ပေးရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

အီရတ်စစ်ပွဲ ရေရှည်ဆွဲနေသည့်အလျောက် အမေရိကန် ကြည်းတပ်မှာ နည်းနည်းနှင့် ကျဲကျဲ ဝိုင်းနေရသဖြင့် ကစဥ့်ကလျားဖြစ်မည်ကို အမေရိကန် စစ်ခေါင်းဆောင်များက စိုးရိမ်ကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထူးခြားဖြစ်စဉ် ကမ္ဘာ့တစ်ခွင်

- **ဟေတီနိုင်ငံတွင် အောက်တိုဘာ ၁၃ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပွားရာ ဟေတီနိုင်ငံမြောက်ပိုင်း ကာဘာရက်မြို့ အနီးဝန်းကျင် ဒေသများ၌ သေဆုံးသူ၂၃ ဦးရှိပြီး ၁၂ ဦး ပျောက်ဆုံးနေကြောင်း၊ ဒေသခံပြည်သူ၆၀၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (ယာပုံ)

- *အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အရှေ့မြောက်ပိုင်း ကမ်းလွန်တွင် အောက်တိုဘာ ၁၂ ရက်က ငါးဖမ်းစက်လှေတစ်စင်းနှင့် ကုန်တင်သင်္ဘောတစ်စင်းတို့ တိုက်မိခဲ့ရာ ငါးဖမ်းစက်လှေနစ်မြုပ်ပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ကျန်ငါးဖမ်းလုပ်သားများအား ကယ်ဆယ်နိုင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ဆင်ခြေဖုံးတွင် အောက်တိုဘာ ၁၃ရက် နံနက်က ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရမှုကြောင့် အသက် ၁၂ နှစ်အရွယ် လူငယ်တစ်ဦးသေဆုံးခဲ့ရာ အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့်သေဆုံးသူ ၈၈ဦးရှိပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *ကော်စတာရီကာနိုင်ငံအလယ်ပိုင်း အာတီနက်စ်မြို့တွင် အောက်တိုဘာ ၁၃ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှု ဖြစ်ပွားရာ ၁၀ ဦး သေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ နေအိမ်အချို့ပျက်စီးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စင်ကျန်းအူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ်ကုန်၌ ကမ္ဘာ့အကြီးဆုံးအမျိုးသား ဥယျာဉ်ကြီးတစ်ခုကို တည်ဆောက်မည်ဖြစ်ကြောင်း၊ အဆိုပါ အမျိုးသားဥယျာဉ်ကြီးသည် စတုရန်းကီလိုမီတာ ၁၀၀၀၀ခန့်ရှိမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အရှေ့တောင်ပိုင်း ချီတာဂွန်ခရိုင်တွင် အောက်တိုဘာ ၁၃ရက် နံနက်က ရထားလမ်းချော်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **မက္ကဆီကိုနိုင်ငံ အရှေ့ဘက် မက္ကဆီကိုပင်လယ်ကွေ့တွင် အောက်တိုဘာ ၁၃ရက်က လူ ၁၇၆ဦး တင်ဆောင်လာသော သင်္ဘောတစ်စင်း၌ မတော်တဆမီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ကျန်လူများကို ကယ်ဆယ်နိုင်ခဲ့သော်လည်း အဆိုပါ သင်္ဘောမှာ နစ်မြုပ်သွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *ဥရောပသိပ္ပံပညာရှင် အဖွဲ့တစ်ဖွဲ့ဖြစ်သည့် အမ်အိုင်တီက လေထဲတွင် ပျံသန်းနိုင်သော မော်တော်ကားပျံအမျိုးအစားတစ်မျိုးကို ယခုနှစ်အတွင်း ထုတ်လုပ်မည်ဖြစ်ကြောင်း၊ အဆိုပါမော်တော်ယာဉ်ပျံသည် မြေပြင်၌ ယာဉ်ကြောပိတ်ဆို့မှုကို မဖြစ်စေနိုင်ကြောင်း၊ သို့သော် လွန်ဝေးသော ခရီးမိုင်များကိုလည်း မောင်းနှင်ပျံသန်းနိုင်ခြင်း မရှိသေးကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။* **(အောက်ပုံ)**

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ
မောင်ချစ်ကြည်

အေစီမီလန်နှင့်ရီးရဲသို့ ပြောင်းရွှေ့လိုကြောင်း ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာပြောကြား

ဒရော့ဘာ ချယ်လ်ဆီးမှ ပြောင်းရွှေ့တော့မည်လား။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် အောက်တိုဘာ ၁၃

ချယ်လ်ဆီးတိုက်စစ်မှူး ဒီဒီယာဒရော့ဘာက အေစီမီလန်သို့မဟုတ် ရီးရဲမက်ဒရစ်တွင် ကစားလိုကြောင်း ၎င်း၏ဆန္ဒကို ပြောကြားလျက် စတမ်းဖို့ဒ်ဘရစ်တွင် ၎င်း၏မပျော်ရွှင်မှုကို ဖွင့်ထုတ်ဖော်ပြလိုက်ပြီ ဖြစ်သည်။

ပြောကြား

ရီးရဲမက်ဒရစ်နှင့် အေစီမီလန်တို့တွင် ကြီးမားသော သမိုင်းအစဉ်အလာကောင်းများရှိကြောင်း၊ မည်သည့်ဘောလုံးသမားမဆို အဆိုပါ အသင်းများတွင်ကစားရန် စိတ်ဝင်စားကြကြောင်း၊ မိမိသည်လည်းဖြစ်နိုင်ပါက လက်ရှိရာသီကုန်ချိန်တွင် ယင်းအသင်းများသို့ ပြောင်းရွှေ့ကစားလိုကြောင်း ဒရော့ဘာက စပိန်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ရီးရဲမက်ဒရစ်၊ အေစီမီလန်နှင့် ဘိုင်ယန်မြူးနစ်အသင်းများအားလုံးက အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာအား စိတ်ဝင်တစားခေါ်ယူလိုကြကြောင်း ဒရော့ဘာ၏ကိုယ်စားလှယ် အီဟီယန်နီမဲန်ဒီက အတည်ပြု ပြောကြားသည်။ **(အင်တာနက်)**

၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲ တာ့မင်နစ္စတန်က ကမ္ဘောဒီးယားကိုအနိုင်ရ

ဖနောင်ပင် အောက်တိုဘာ ၁၃

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲများကို ဆက်လက်ကစားလျက်ရှိရာ တာ့မင်နစ္စတန်နှင့် ကမ္ဘောဒီးယားတို့ အောက်တိုဘာ ၁၁ ရက်က ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ယှဉ်ပြိုင်ကစားရာ တာ့မင်နစ္စတန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အနိုင်ရရှိ

တာ့မင်နစ္စတန်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဒုတိယပိုင်းပွဲချိန် ၈၅ မိနစ်၌ ကာရာဒါနော့ဗ် မာမီဒါလီက သွင်းယူပေးခဲ့သဖြင့် တာ့မင်နစ္စတန်တို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယှဉ်ပြိုင်ကစား

ကမ္ဘောဒီးယားသည် ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၈ရက်၌ တာ့မင်နစ္စတန်နိုင်ငံသို့ သွားရောက်ကာ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ (အင်တာနက်)

ကီးဝဲလ် လီဗာပူးတွင် ပြန်ကစားနိုင်တော့မည်

လန်ဒန် အောက်တိုဘာ ၁၃

လီဗာပူးတောင်ပံကစားသမား ဟယ်ရီကီးဝဲလ်သည် ပေါင်ခြံဒဏ်ရာ ကုသပြီးနောက် အသင်း၌ ပြန်လည် ကစားနိုင်ရန် နီးစပ်လာပြီဖြစ်သည်။

အသက် ၂၉နှစ်ရှိ ကီးဝဲလ်သည် အာရှဖလားပြိုင်ပွဲတွင် ဩစတြေးလျ အသင်း၌ ပါဝင်ကစားစဉ် ပေါင်ခြံ ဒဏ်ရာရရှိခဲ့မှုကြောင့် ယခုရာသီတွင် ရာဖေးလ်ဘင်နီတက်ဇ်အသင်းအတွက် ပါဝင်ကစားခြင်း မပြုနိုင်ခဲ့ချေ။

သို့သော်လည်း ကီးဝဲလ်သည် ထူးချွန်သူဖြစ်ပြီး လာမည့် သီတင်းပတ်တွင် အသင်းနှင့်အတူ လေ့ကျင့်ခန်း ပြန်ဆင်းနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ကီးဝဲလ်သည် မိမိတို့ အသင်းအတွက် အရေးပါကြောင်း၊ ဂိုးများသွင်းယူရာတွင် တည်ငြိမ်မှုရှိပြီး အရည်အချင်းရှိသော ကစားသမားတစ်ဦးလည်းဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားခဲ့သည်။ **(အင်တာနက်)**

လီဗာပူးအတွက် ပြန်ကစားပေးနိုင်တော့မည့် ကီးဝဲလ်။ (ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်နှင့် ပြင်သစ် ခြေစမ်းပွဲ ကစားမည်

လန်ဒန် အောက်တိုဘာ ၁၃

နည်းပြမက်ကလာရင်၏ အင်္ဂလန်အသင်းသည် လာမည့်နှစ် မတ်လ၂၆ရက်တွင် ပြင်သစ်အသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲ ကစားမည်ဖြစ်ကြောင်း၊ အင်္ဂလန်အသင်းအနေဖြင့် ပြင်သစ်နိုင်ငံသို့ သွားရောက်ရမည်ဖြစ်ကြောင်း အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်က အောက်တိုဘာ ၁၂ရက်၌ ပြောကြားသည်။

ထို့အပြင် လာမည့် နွေရာသီတွင်လည်း ဩစတြေးလျ၊ ဆွစ်ဇာလန်တို့နှင့်လည်း ခြေစမ်းပွဲများ ကစားမည်ဖြစ်ကြောင်း သိရသည်။

သရေပွဲဖြစ်

အင်္ဂလန်နှင့် ပြင်သစ်တို့သည် ခြေစမ်းပွဲ စုစုပေါင်း ၂၆ ပွဲကစားခဲ့ပြီးဖြစ်ရာ အင်္ဂလန်က ၁၆ ပွဲနိုင်၊ လေးပွဲသရေနှင့် ခြောက်ပွဲရှုံးခဲ့သည်။ နောက်ဆုံးကစားခဲ့သည့်ပွဲမှာ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလက ပြင်သစ်နိုင်ငံတွင် ကစားခဲ့ခြင်းဖြစ်ပြီး အင်္ဂလန်တိုက်စစ်မှူး မိုက်ကယ်အိုဝင်က တစ်ဂိုးသွင်းယူခဲ့သလို ပြင်သစ်မှ ကီဗင့်ကီဂန်းက ချေပဂိုး တစ်ဂိုး ပြန်သွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ (အင်တာနက်)

ကမ္ဘာ့ ပရိသတ်အကြိုက် စီရိုနယ်ဒို

ကိုးကားတင်ပြသူ - မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၁၃

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ရဲ့ ၂၀၀၇ခုနှစ် အကောင်းဆုံး ဘောလုံးသမားဆုအတွက် ပဏာမ လူစာရင်းအဖြစ် ဘောလုံးသမား ၃၀ ကို အခုရက်ပိုင်းအတွင်းက သတင်းထုတ်ပြန်ခဲ့ပြီးတဲ့နောက်မှာ ကမ္ဘာတစ်ဝန်းက ဘောလုံး ပရိသတ်တွေအကြိုက် အင်တာနက်မှာ ဆန္ဒမဲပေးခဲ့တဲ့အခါ ပေါ်တူဂီနဲ့မန်ယူ တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒို၊ ဘရာဇီးနဲ့ အေစီမီလန်တိုက်စစ်မှူး ကာကာ၊ အိုင်ဗရီကို့စ်နဲ့ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ၊ စပိန်နဲ့လီဗာပူး တိုက်စစ်မှူး တောရက်စ်၊ ဟော်လန်နဲ့ ရီးရဲမက်ဒရစ် တိုက်စစ်မှူး နစ္စတယ်ရွိုင်းတို့ဟာ အစဉ်လိုက် ဆန္ဒမဲအများဆုံး ရရှိခဲ့ကြတဲ့ ကစားသမားတွေအဖြစ် ထွက်ပေါ်လာခဲ့ပါတယ်။

အကြိုက်ဆုံး

ဒီလိုကမ္ဘာ့ပရိသတ် အကြိုက်ဆုံး ဘောလုံးသမား ငါးဦးကိုကြည့်ရင် အားလုံးဟာ တိုက်စစ်မှူးတွေချည်းဖြစ်နေပြီး ထူးခြားတာက အဲဒီတိုက်စစ်မှူးတွေထဲမှာမှ အသက်အငယ်ဆုံးအဖြစ် စီရိုနယ်ဒိုပါဝင်နေတာပဲ ဖြစ်ပါတယ်။ နောက်ပြီး ပရိသတ်တွေ အကြိုက် ဆန္ဒပြုတဲ့အထဲမှာ ပြီးခဲ့တဲ့ ၂၀၀၆ခုနှစ်က အကောင်းဆုံး ဘောလုံးသမားဆု ရရှိခဲ့တဲ့ အီတလီနောက်ခံကစားသမား ကင်နာဗာရို၊ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု နှစ်ကြိမ်ရရှိခဲ့ဖူးတဲ့ ဘရာဇီးနဲ့ ဘာစီလိုနာ တိုက်စစ်မှူး ရော်နယ်ဒင်ဟိုတို့ မပါရှိဘဲ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို တစ်ကြိမ်တစ်ခါမှ မရခဲ့ဖူးတဲ့ လူသစ်တွေချည်း ဖြစ်နေတာပါပဲ။

ဖမ်းစားနိုင်

ကမ္ဘာ့ဘောလုံးပရိသတ်တွေဟာ သူတို့စိတ်တိုင်းကျ ဆန္ဒပြုတဲ့အထဲမှာ လက်ရှိပါဝင်ကစားနေတဲ့ ကလပ်အသင်းနဲ့ မိခင်နိုင်ငံအသင်းမှာ ဘယ်လောက်အထိ ခြေစွမ်းပြ အကျိုးပြုနိုင်တယ်ဆိုတဲ့ အချက်အပေါ် အဓိကထားပြီး ဆန္ဒပြုခဲ့ကြတာ ဖြစ်ပါတယ်။ ဒါ့အပြင် သူတို့ရဲ့ ကစားဟန်တွေဟာ ပရိသတ်တွေရဲ့ စိတ်အာရုံကိုလည်း ဖမ်းစားနိုင်စွမ်းရှိရမယ်ဆိုတဲ့ အချက်လည်း ပါဝင်တယ်လို့ ဆိုပါတယ်။

ဖော်ပြထား

ဒီလို ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ ဆန္ဒပြုတဲ့ အထဲမှာ စီရိုနယ်ဒိုက ၇၆ရာခိုင်နှုန်းနဲ့ အများဆုံးဖြစ်ပြီး သူ့နောက်မှာမှ ကာကာက ၆၉ရာခိုင်နှုန်း၊ ဒရော့ဘာက ၆၀ရာခိုင်နှုန်း၊ တောရက်စ်က ၅၈ ရာခိုင်နှုန်းနဲ့ နစ္စတယ်ရွိုင်းက ၅၅ ရာခိုင်နှုန်းရှိတယ်လို့ ဖီဖာရဲ့နည်းစနစ် ကော်မတီကိုပေးပို့တဲ့ ဆန္ဒပြုချက်တွေမှာ ဖော်ပြထားတယ်လို့ ဆိုပါတယ်။

ပြောကြား

တကယ်တော့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ရဲ့ နည်းစနစ်ကော်မတီနဲ့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံလက်ရွေးစင်အသင်းနည်းပြတွေ၊ အသင်းခေါင်းဆောင်တွေက ဆန္ဒမဲပေးပြီး ရွေးချယ်ကြခြင်း ဖြစ်ပါတယ်။ ကမ္ဘာ့ဘောလုံး ပရိသတ်တွေရဲ့ဆန္ဒဟာ တရားဝင်တော့ အကျုံးမဝင်ပါဘူး။ ဒါပေမယ့် တစ်ချိန်ချိန်မှာတော့ ဒီလို ကမ္ဘာ့ဘောလုံးပရိသတ်တွေရဲ့ ဆန္ဒပြုမှုတွေကို စနစ်တကျသတ်မှတ်ချက်ပြုလုပ်ပြီး ထည့်သွင်းစဉ်းစားရမယ့်အချက် ဖြစ်လာနိုင်စရာတော့ ရှိပါတယ်လို့ ဖီဖာတာဝန်ရှိသူတွေက ပြောကြားနေပါတယ်။

လွှမ်းမိုးထား

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရဲ့ သမိုင်းကို ပြန်ကြည့်ရင် ၁၉၉၁ခုနှစ်က ဒီဘက်နောက်ပိုင်းမှာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဘရာဇီးဘောလုံးသမားတွေသာ လွှမ်းမိုးထားနိုင်ခဲ့တာ တွေ့ရပါတယ်။ ဘရာဇီးဘောလုံးသမားတွေဟာ စုစုပေါင်း ခုနစ်ကြိမ်ရရှိခဲ့ပြီး အဲဒီ ဘောလုံးသမားတွေကတော့ ရိုမာရီယို (၁၉၉၄)၊ ရော်နယ်ဒို (၁၉၉၆၊ ၁၉၉၇၊ ၂၀၀၂)၊ ရီဗယ်ဒို (၁၉၉၉)နဲ့ ရော်နယ်ဒင်ဟို (၂၀၀၄၊ ၂၀၀၅)တို့ပဲ ဖြစ်ပါတယ်။

ဆန္ဒပြု

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို တစ်ဦးတည်း သုံးကြိမ်ရရှိထားတဲ့ ဘောလုံးသမားတွေက ရော်နယ်ဒိုနဲ့ ဇီဒန်းတို့ပဲဖြစ်ပြီး ရော်နယ်ဒင်ဟိုက နှစ်ကြိမ် ရရှိထားပါတယ်။ အခုဒီနှစ်မှာ ပဏာမ ဘောလုံးသမား ၃၀ထဲမှာ ပါဝင်ပြီး အသက်အငယ်ဆုံးလည်းဖြစ်တဲ့ စီရိုနယ်ဒိုဟာ ဒီနှစ်ရဲ့အကောင်းဆုံး ဘောလုံးသမားဆုကို ပရိသတ်တွေကတော့ ဆန္ဒပြုထားကြပြီ ဖြစ်ပါတယ်။

စိတ်ဝင်စား

အတွေ့အကြုံနဲ့ ခြေစွမ်းအပိုင်းမှာ အခုပဏာမ ရွေးချယ်ထားတဲ့ ဘောလုံးသမားတွေကတော့ တကယ့် ထိတ်ထိတ်ကြဲ ဘောလုံးသမားတွေပါပဲ။ ဒီဘောလုံးသမားတွေထဲကမှ ဘယ်သူ ဆွတ်ခူးသွားမယ်ဆိုတာကတော့ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

ကမ္ဘာ့ဘောလုံး ပရိသတ် အကြိုက်ဆုံးဖြစ်သည့် ဒိုလေး ခေါ် စီရိုနယ်ဒို။

(ဓာတ်ပုံ-အင်တာနက်)

ခုနစ်ဂိုးသွင်းယူ

၁၉၈၅ခုနှစ် ဖေဖော်ဝါရီ ၅ရက်က ပေါ်တူဂီနိုင်ငံ မာဒီးရာမြို့မှာ မွေးဖွားခဲ့တဲ့ စီရိုနယ်ဒိုဟာ အခုဆိုရင် အသက် ၂၂နှစ်ထဲ ရောက်ရှိနေပါပြီ။ လက်ရှိခြေစွမ်းကို ကြည့်ရင် ဒီနှစ် ယူရို ၂၀၀၈ခြေစစ်ပွဲတွေမှာ မိခင် ပေါ်တူဂီအသင်းအတွက် စုစုပေါင်း ခုနစ်ဂိုးသွင်းယူပေးထားနိုင်ပါတယ်။

ခြေစွမ်းပြနိုင်

ဒါ့အပြင် ဒီနှစ်ပရီမီယာလိဂ်မှာတော့ မန်ယူအတွက် သုံးဂိုးသာ သွင်းယူပေးနိုင်သေးလို့ ဒီထက်ဂိုးသွင်းနိုင်အောင် ကြိုးစားနေတယ်လို့ဆိုပါတယ်။ စီရိုနယ်ဒိုဟာ ၂၀၀၆က ဂျာမနီ ကမ္ဘာ့ဖလားမှာ ပေါ်တူဂီအသင်းအတွက် ခြေစွမ်းပြနိုင်ခဲ့သလို ပြီးခဲ့တဲ့ ဘောလုံးရာသီမှာလည်း မန်ယူမှာ ခြေစွမ်းပြနိုင်ခဲ့လို့ ဆုတံဆိပ်တွေ အများကြီးရရှိခဲ့ပါတယ်။

ရင်ခုန်စရာကောင်း

၂၀၀၇ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာ လာမယ့် ဒီဇင်ဘာ ၁၇ရက်တွင် ရွေးချယ်မှာဖြစ်ပြီး ဘယ်သူရရှိသွားသလဲဆိုတာကတော့ ရင်ခုန်ဖွယ်ကောင်းနေကြောင်း တင်ပြလိုက်ပါတယ်။ ။

(ကိုးကား-အင်တာနက်)

ဖခင်အမည်မှန်

ဖျာပုံမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း(D)မှ မသန္တာဦး၏ ဖခင်အမည်မှန်မှာ ဦးငွေးနိုင် ၁၄/ဖပန(နိုင်)၀၃၀၇၂၂ ဖြစ်ပါကြောင်း။

ဖခင် ဦးငွေးနိုင်။

မင်္ဂလာဆုမွန်

ကိုညီညီလှိုင် နှင့် **မမြဉမ္မာချော** တို့ရဲ့ ၁၄-၁၀-၂၀၀၇ရက်မှာ ကျရောက်တဲ့ မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းတစ်ရာတိုင် ရွှေလက်ခိုင်ခိုင်တွဲလို့ မခွဲအတူ ထာဝရဖေးမလျှောက်လှမ်းနိုင်ကြပါစေ။

ချစ်သူငယ်ချင်း ဆွေဇင်၊ ဇာလေး (မဟာသုတေသနတန်း)။

(၁)နှစ်ပြည့် အမည်ပေးမွေးနေ့မင်္ဂလာ

ချစ်သားအမြွှာညီအစ်ကို မောင်တင်မိုးဦးနှင့်မောင်တင်မိုးအောင်တို့၏ ၁၄၊၁၀၊၂၀၀၇ ရက်နေ့တွင်ကျရောက်သည့် (၁)နှစ်ပြည့်မွေးနေ့ရက်မြတ်မှစ၍ ပြီးပြည့်စုံထူးချွန်ထက်မြက်သော အောင်မြင်မှုဘဝကိုပိုင်ဆိုင်ပြီး ချစ်သောပါပါး၊ မာမားတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သည့်ဘဝခရီးကို နောင်နှစ်ပေါင်း(၁၀၀)ကျော်တိုင် တည်မြဲနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ပါပါးဦးတင်ဝင်း(ကောင်းကြိုက်မုန့်တိုက်)
မာမားဒေါ်ကျင်တီ(ဦးပု-ဆေးလိပ်နှင့်မုန့်မျိုးစုံဆိုင်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ရန်အောင်ငြိမ်း၏ ၅/ကလထ(နိုင်)၁၁၇၄၆၅နှင့် သင်တန်းဆင်းလက်မှတ်များပါသော ဖိုင်အစိမ်းရောင်သည် ၈-၁၀-၂၀၀၇ရက်၌ Taxi ပေါ်တွင် ကျန်ခဲ့ပါ၍ တွေ့ရှိက အမြန်ဆက်သွယ်ပေးပါ။ **ဖုန်း-၅၃၀၁၁၇။**

ဓနိနိဝင်းနှင့်ရောင်းရင်းများမှ(အင်းလေးဘုရားပွဲတော်သို့) အင်းလေးဖောင်တော်ဦးဒေသစာရီအပူဇော်ခံပွဲနှင့်ဘုရားစုံ(၅)ရက် မန္တလေး၊ ပြင်ဦးလွင်၊လားရှိုး၊ မူဆယ်(၇)ရက် ဇလွန်နေ့ချင်းပြန် ပုဂံ-စွယ်တော်လေးဆူ၊ ပုပ္ပား၊ (၅)ရက်၊မော်လမြိုင်ဘုရားစုံ၊ ကျိုက္ခမီရေလယ်ဘုရား(ဆွမ်းမျှောပွဲတော်)(24.10.07)ကျိုက်ထီးရိုး၊ (19.10.07)မှစ၍ နေ့စဉ်၊ ချောင်းသာ(အင်္ဂါ၊သောကြာ)
အမှတ်(၂၃၅)ပန်းဆိုးတန်းလမ်း၊ 249871, 09-51 37245,09-99 72025

နိုင်ငံခြားရေးဝန်ကြီးဌာန
အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း
(Certificate Course in Basic Diplomatic Skills)
သင်တန်းအမှတ်စဉ်(၁၇)အတွက် သင်တန်းသားခေါ်ယူခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစား သံအမတ်ကြီးများနှင့် ဝါရင့်သံတမန်ကြီးများ၊ ကျွမ်းကျင်သူပညာရှင်များကိုယ်တိုင်ပို့ချမည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းကို ၂၀၀၇ခုနှစ် နိုဝင်ဘာ ၅ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ နိုင်ငံတကာရေးရာကိစ္စများတွင် စိတ်ပါဝင်စားသူများ၊ နိုင်ငံတကာနှင့်ဆက်ဆံမှုရှိသည့် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီဒါရိုက်တာများ၊ ဝန်ထမ်းများ စာရင်းသွင်း တက်ရောက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ သင်တန်းတွင် သံတမန်ရေးရာ (Protocol)၊ အပြည်ပြည်ဆိုင်ရာ ညီလာခံနှင့်အစည်းအဝေးကျင်းပခြင်း (International Conferencing)၊ နိုင်ငံတကာလူမှုဆက်ဆံရေးနီတိ (International Etiquette)၊ နိုင်ငံတကာ စာပေးစာယူဆက်သွယ်မှု (International Correspondence)၊ စေ့စပ်ပြောဆိုမှုနည်းလမ်းများ (Negotiating Techniques)စသည့် ဘာသာရပ်များကို အထူးပြုသင်ကြားပေးမည်ဖြစ်ပါသည်။

၁။ တက်ရောက်နိုင်သူများ - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူများ
၂။ သင်တန်းကာလ - ရက်သတ္တ (၁၂)ပတ်
၃။ သင်တန်းနေရာ - 'မဟာသဓာ'ခန်းမဆောင်၊ ပြည်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့။

သင်တန်းလျှောက်လွှာများကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၁၅ရက်မှစတင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားဘာသာစကားဦးစီးဌာနတွင် လက်ခံပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၂၂၂၄၈၂၊ ၂၂၁၅၃၁
သင်တန်းကြီးကြပ်မှုကော်မတီ
နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဘိုဘိုဝင်းတင်၏ နိုင်ငံကူးလက်မှတ် အမှတ်-၇၃၅၅၁၆သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၇၀၁၂၆။**

အများသိစေရန်ကြေညာချက်

အမှတ် ၇၀၊ ပထမလွှာ၊ ခေါင်းရင်းခန်း၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးဘမြင့် ၁၂/မဂဒ(နိုင်)၀၃၀၈၅၁သည် ၎င်းခရီးသွားနေစဉ် ယင်းတိုက်ခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် ယာဉ်အမှတ် စ/၁၃၈၀ ဝီလီဂျစ်၏ မှတ်ပုံတင်စာအုပ်များ ပျောက်ဆုံးသွားပါ၍ ၎င်းအိမ်ခန်းနှင့်ကားအား ဦးဘမြင့်၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများဆောင်ရွက်မှုကို အခြားမည်သူမဆို မပြုလုပ်ကြပါရန်နှင့်လိုက်နာခြင်း မရှိပါက တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဘမြင့် ၁၂/မဂဒ(နိုင်)၀၃၀၈၅၁။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးသန်းတင်(ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ၊ကမ္ဘောဇဘဏ်လီမိတက်)-ဒေါ်တင်တင်ရီ(ခ)ဒေါ်မမလေးတို့၏သား

မောင်ဝင်းထွန်းအောင် Second Mate (F.G)

နှင့်

ရန်ကုန်မြို့နေ
ဦးဘဆွေ(ဒုတိယညွှန်ကြားရေးမှူး၊စာရင်းစစ်ချုပ်ရုံး၊နေပြည်တော်)-ဒေါ်တင်မေ(လက်ထောက်ကထိက၊ရန်ကုန်သမဝါယမဒီဂရီကောလိပ်)တို့၏သမီး

မမေသက်ဆွေ(ခ)မီးမီး B.A(Eco)-MPA
Malaria Control Project (JICA)

တို့သည် ၁၃-၁၀-၂၀၀၇ရက်၌ နှစ်ဖက်သောမိဘဆွေမျိုးများရှေ့၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းထွန်းအောင်-မမေသက်ဆွေ။

Y.E.S.မှ အင်္ဂလိပ်ဘာသာစကား သင်တန်းများ Since 1994

Basic Spoken English : Oct- 20, 22 ,29, Nov-3,5
Pre-Intermediate English: Oct - 20,29, Nov- 5,10
Reading Skills Foundation Course : Oct - 27
Basic Writing , Academic Writing : Oct - 27
Structure & Written Expression : Oct-13,29
Grammar Foundation Course : Nov - 12
Vocabulary Enrichment Course : Oct - 20,29
Academic Preparation for IELTS : Oct - 29
Intermediate English: Nov-5 , SAT,IELTS,TOEFL
No.190, 2nd Flr:,28thSt:(Upper),Pabedan Tsp. ☎ 243950

မဒေါက်မြို့၌ စိုးရိမ်ရေမှတ်ကျော်လွန်

ရန်ကုန် အောက်တိုဘာ ၁၃

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၂၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၁စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)

Since 1986 KMD Computer Centre

ကွန်ပျူတာအခြေခံသင်တန်း iOffice 2007 သင်တန်းအပ် လက်ခံနေပါပြီ။

Duration 80 Hours

- Microsoft ၏ Latest Versionဖြစ်သော Office 2007 ကိုကျွမ်းကျင်စွာအသုံးပြုနိုင်ရန် သင်ကြားပေးမည့်သင်တန်းဖြစ်ပါတယ်။
- နည်းပညာအသစ်များကိုလည်း အချိန်တိုအတွင်း လက်တွေ့ကျကျ လေ့လာသင်ယူနိုင်မှာ ဖြစ်ပါတယ်။
- Microsoft ရဲ့ ပြောင်းလဲသွားသော နည်းပညာများကို ခံစားရင်း မိမိရဲ့ ရုံးလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ လုပ်နိုင်ကြဖို့ iOffice 2007 သင်တန်းကို တက်လိုက်ကြပါစို့။

New Course

(ရုံးချုပ်) ၅၅၀-၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတား၊ ဖုန်း - ၂၄၃၁၅၅/၃၈၀၇၇၆/၃၈၀၁၂၉
(ဆိပ်ကမ်းသာ) ၅၅-၅၇၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား၊ ဖုန်း - ၃၉၁၂၈၆ / ၃၉၁၂၈၇ / ၃၇၁၈၅၅
(မြေနီကုန်း) ၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း၊ ဖုန်း - ၅၂၇၄၃၆/ ၅၃၄၁၇၀/ ၅၀၂၂၃၃
(သိမ်ကြီးဈေး) သိမ်ကြီးဈေး စီရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်း၊ ဖုန်း - ၃၈၄၂၆၈ /၃၈၄၆၄၁
(လှည်းတန်း-၁) ၃၀၊ စိမ်းကိုင်းအိမ်ရာ (၁)၊ အင်းစိန်လမ်း၊ လှည်းတန်း၊ ဖုန်း - ၅၂၄၄၀၀/ ၅၀၅၃၉၉
(လှည်းတန်း-၂) ၁၅၊ (၄ထပ်)၊ အင်းစိန်လမ်း နှင့် ဦးထွန်းလင်းခြံလမ်းထောင့်၊ ကမာရွတ်၊ ဖုန်း - ၅၀၂၂၁၁
(တာမွေ-၁) အမှတ် - ၂၇၂၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ဖုန်း - ၅၄၁၃၂၈
(တာမွေ-၂) အမှတ် - ၅/၁၁၊ ဗိုလ်ရဲရဲအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ဖုန်း - ၅၄၆၆၀၀

ပန်းအလှပင်များစိုက်ပျိုး

ရန်ကုန် အောက်တိုဘာ ၁၃

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အများပြည်သူများ အပန်းဖြေစိတ်ကြည်နူးစေရေးအတွက် ကျောက်တိုင်ပန်းခြံနှင့် လွတ်လပ်ရေးပန်းခြံအတွင်း ပန်းအလှပင်များစိုက်ပျိုးခြင်း၊ ပုံဖော်ပြုပြင်ခြင်း၊ မြက်ခင်းများ စိုက်ပျိုးခြင်း၊ ဥယျာဉ်အတွင်း ပန်းပင်များစိုက်ပျိုးထားရှိခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ရက်က အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် လ/ထအင်ဂျင်နီယာ ဦးထွန်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ကျေးလက်စက်ရေတွင်း ပြုပြင်ထိန်းသိမ်း

ရန်ကုန် အောက်တိုဘာ ၁၃

ညောင်ဦး(ပုဂံ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများကို နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ညောင်နီကျင်းကျေးရွာရှိ လေးလက်မစက်ရေတွင်း တွင်းနက်ရေထွက်နှုန်း ကောင်းမွန်မှုရှိမရှိနှင့် ပုံမှန်လည်ပတ်မှုရှိမရှိကို စက်တင်ဘာ ၂ရက်က အငယ်တန်းအင်ဂျင်နီယာ(၃)ဦးအောင်နိုင်ခန့် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် အောက်တိုဘာလအတွက်

(၁၄-၁၀-၂၀၀၇)ရက်နေ့
နှင့်
(၂၈-၁၀-၂၀၀၇)ရက်နေ့

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းအသီးသီးမှအကဲဖြတ်ပညာရှင်များ၊ပြိုင်ပွဲဝင်များ
ရိုးရာယဉ်ကျေးမှုလေ့လာရေးအဖွဲ့များရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၃

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် ကယားပြည်နယ်မှ ဦးစိန်ဒိုင်း ခေါင်းဆောင်သော ကြီးကြပ်အုပ်ချုပ်သူများနှင့်ပြိုင်ပွဲဝင်များ၊ ရိုးရာယဉ်ကျေးမှု လေ့လာရေးအဖွဲ့များ စုစုပေါင်း ၇၆ဦးသည် ယနေ့နံနက်၆နာရီတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်းသို့ ရောက်ရှိလာကြသည်။

ရောက်ရှိ

ထို့အတူ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကချင်ပြည်နယ်မှ ဦးမောင်မောင်သိန်း ခေါင်းဆောင်သော အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့်ရိုးရာယဉ်ကျေးမှု လေ့လာရေးအဖွဲ့ စုစုပေါင်း၁၂၃ဦးသည် ဒုတိယအသုတ်အဖြစ် ယနေ့နံနက် ၁၀နာရီ ၄၅မိနစ်တွင်လည်းကောင်း၊ ချင်းပြည်နယ်မှ ဒေါ်ဒေါ်သိကြာ ခေါင်းဆောင်သော ပြိုင်ပွဲဝင် ၁၉ဦးသည် ယနေ့ညနေ ၃နာရီတွင်လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ ယဉ်ကျေးမှုပြတိုက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆန်း ခေါင်းဆောင်၍ ကြီးကြပ်ကွပ်ကဲသူများနှင့် ပြိုင်ပွဲဝင် ၁၁၅ဦးသည် ယနေ့ညနေ ၃နာရီမိနစ်၅၀တွင်လည်းကောင်း၊ **(အောက်ဝဲပုံ)** ရန်ကုန်တိုင်းမှ ဗိုလ်မှူးသိန်းနိုင် ဦးဆောင်သော အုပ်ချုပ်သူနှင့် ပြိုင်ပွဲဝင်များ ၆၉၆ဦးတို့သည် နေပြည်တော် ပျဉ်းမနား ရွာတော်ဘူတာသို့ ရောက်ရှိလာကြသည်။

ကြိုဆို

အဆိုပါ ပြည်နယ်နှင့်တိုင်း အသီးသီးမှ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များ၊ ရိုးရာယဉ်ကျေးမှု လေ့လာရေးအဖွဲ့ဝင်များအား (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကြိုဆိုနေရာချထားရေးကော်မတီဥက္ကဋ္ဌ ရဲမှူးကြီးသိန်းတင်၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး တည်းခိုဆောင် အသီးသီးသို့ ပို့ဆောင်နေရာ ချထားပေးသည်။

(သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကြီးများ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ပထဝီအနေအထားအရ ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်သည့် အလားအလာကောင်းများကို တွေ့နေရသည်။

၁၉၈၈ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ထုတ်ပြန်ကာ နိုင်ငံခြား ရေနံကုမ္ပဏီကြီးများကို ဖိတ်ခေါ်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းရေး အတွက် ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များ တိုးချဲ့ရှာဖွေ ဖော်ထုတ်လျက်ရှိသည်။

နိုင်ငံခြားကုမ္ပဏီ ၁၃ ခုသည် ကုန်းတွင်းနှင့်ကမ်းလွန်ဒေသများတွင် လုပ်ကွက်ပေါင်း ၂၃ ကွက်၌ လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့နေသကဲ့သို့ မိမိ၏ငွေအင်အား၊ လူအင်အား၊ နည်းပညာများဖြင့် အလားအလာကောင်းပြီး ဖြစ်နိုင်ခြေရှိသည့် ကုန်းတွင်းပိုင်းဒေသများတွင် စီမံကိန်းများချမှတ်ကာ တိုးချဲ့လုပ်ကိုင်လျက် ရှိသည်။

နိုင်ငံခြားရေနံကုမ္ပဏီများနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ကုန်းတွင်းပိုင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုပမာဏ ကြီးမားသည့် အဖျောက်သဘာဝဓာတ်ငွေ့မြေနှင့် ညောင်တုန်း ရေနံမြေကို ရှာဖွေတူးဖော်တွေ့ရှိခဲ့သည့်နည်းတူ ကမ်းလွန်ပင်လယ်ပြင်တွင်လည်း ရတနာနှင့် ရဲတံခွန် သဘာဝဓာတ်ငွေ့မြေများကို တူးဖော်တွေ့ရှိခဲ့သည်။

ရခိုင်ကမ်းရိုးတန်းရေနံလုပ်ကွက်(A-1)နှင့် (A-3)တို့တွင် သဘာဝဓာတ်ငွေ့များအား ၂၀၀၉–၂၀၁၀ ပြည့်နှစ်ခန့်အထိ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းတွင် ကုန်းတွင်းနှင့်ကမ်းလွန်၌ ရေနံသိုက်ပမာဏ ရေနံစည်သန်းပေါင်း ၃၂၀၀ ခန့် ထွက်ရှိနိုင်ပြီး သဘာဝဓာတ်ငွေ့ပမာဏမှာ ကုဗပေ ၇၅ ထရီလီယံခန့်ရှိကြောင်း သိရသည်။ နောက်ထပ် ရေနံသိုက်ပမာဏ စည် ၁၄၂၉ သန်းရှိပြီး ရေနံစည်သန်းပေါင်း ၁၇၇၁ သန်းထုတ်ယူနိုင်မည်ဖြစ်သည်။ ကမ်းလွန်တွင် ပထမဆုံးအနေဖြင့် ရဲတံခွန်ရေနံသိုက်ကို တွေ့ရှိခဲ့ပြီး ရေနံစည်သန်းပေါင်း ၇ ဒသမ ၅ သန်းအထိ သုံးစွဲလျက်ရှိ၍

ဝင်းရွှေ

နောင်နှစ်ပေါင်း ၁၉၀ ကျော်ခန့်အထိ ထုတ်ယူနိုင်လိမ့်မည်ဟု ပညာရှင်များက ခန့်မှန်းကြသည်။

ရဲတံခွန်နှင့်ရတနာမှထွက်ရှိသော သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချမှုပမာဏမှာ အမေရိကန် ဒေါ်လာသန်းပေါင်း ၁၀၁၅ ရရှိမည်ဖြစ်၍ ပြည်ပပို့ကုန်တန်ဖိုး၏ ၃၅ ရာခိုင်နှုန်းအထိ ရရှိနေပေသည်။

၁၉၉၈ခုနှစ်တွင် မြန်မာနိုင်ငံသည် သဘာဝဓာတ်ငွေ့ ပြည်ပတင်ပို့ရောင်းချသည့်နိုင်ငံ ဖြစ်လာခဲ့ပြီး ၂၀၀၀ပြည့်နှစ်မှစတင်ကာ အာရှ–ပစိဖိတ် ဒေသတွင်းတွင်ပါ ပိုက်လိုင်းဖြင့် သဘာဝဓာတ်ငွေ့ကို ပြည်ပသို့ အများဆုံးတင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။

မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်ရှိ သာကြီးတောင် ရေနံမြေနှင့် သဘာဝဓာတ်ငွေ့မြေရှိ ရေနံတွင်းအမှတ်(၁)ကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းနှင့်စပ်လျဉ်း၍ ထုတ်လုပ်နိုင်မည့်ပမာဏ ၅ဒသမ၇ထရီလီယံ ကုဗပေရှိကြောင်း ခန့်မှန်းထားပြီး ၁၉၉၈ခုနှစ် ဇူလိုင်လမှစ၍ ထိုင်းနိုင်ငံသို့ စတင်ပို့လွှတ် ရောင်းချခဲ့သည်။ မြိုင်ကလေး တန် ၄၀၀၀ ကျ ဘိလပ်မြေစက်ရုံ၊ သထုံဓာတ်အားပေးစက်ရုံ၊ စစ်တောင်းဒေသရှိ စက်ရုံ၊အလုပ်ရုံများနှင့် ရန်ကုန် သာကေတ သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံတို့တွင်လည်း အသုံးပြုလည်ပတ်လျက်ရှိသည်။

ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းကို မလေးရှား၊ ဂျပန်၊ ထိုင်းနိုင်ငံရှိ ကုမ္ပဏီများနှင့်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ အစုစပ်ရှယ်ယာအဖြစ် ပေါင်းစပ်လုပ်ကိုင်လျက်ရှိသည်။ ရဲတံခွန်သဘာဝ ဓာတ်ငွေ့ထုတ်လုပ်နိုင်မည့်ပမာဏ ၄ ဒသမ ၁ ထရီလီယံ ကုဗပေခန့်မှန်းထားပြီး လေဆီထုတ်လုပ်နိုင်မည့်ပမာဏသည် ၈၄၃၆ သန်းဖြစ်ကြောင်း သိရသည်။

ရခိုင်ကမ်းလွန်ဒေသလုပ်ကွက်အမှတ်(A-1)မှ ရွှေ–၁၊ ရွှေဖြူနှင့် လုပ်ကွက်(A-3)များမှ ဓာတ်ငွေ့ပမာဏကုဗပေ ၃ ဒသမ ၄ ထရီလီယံနှင့် ရွှေဖြူဓာတ်ငွေ့သိုက်မှ ကုဗပေ ဝ ဒသမ ၅ ထရီလီယံ၊ မြဓာတ်ငွေ့သိုက်မှ ကုဗပေ ၁ ဒသမ ၈ ထရီလီယံ ထွက်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားကြသည်။ သဘာဝဓာတ်ငွေ့ အများဆုံးထွက်မည့် ပမာဏများမှာ ရွှေဓာတ်ငွေ့သိုက်မှ ကုဗပေ ၅ ဒသမ ၄ ထရီလီယံ၊ ရွှေဖြူဓာတ်ငွေ့သိုက်မှ ၁ ဒသမ ၂ထရီလီယံနှင့် မြဓာတ်ငွေ့သိုက်မှ ကုဗပေ ၃ ဒသမ ၄ ထရီလီယံတို့ ထုတ်ယူနိုင်မည်ဖြစ်သည်။

ယင်းလုပ်ကွက်များမှ အနိမ့်ဆုံးထုတ်လုပ်နိုင်မည့်ပမာဏမှာ ကုဗပေ ၅ ဒသမ ၄ ထရီလီယံနှင့် အမြင့်ဆုံးကုဗပေ ၁၀ ထရီလီယံ ထုတ်နိုင် မည်ဖြစ်ကြောင်း တိုင်းတာချက်များအရ လေ့လာ သိရှိရသည်။

ကုန်းတွင်းပိုင်းရေနံမြေနှင့် သဘာဝဓာတ်ငွေ့မြေများဖြစ်ကြသည့် ကျောက်ခွက်၊ လက်ပံတို၊ အရာတော်၊ ချောက်၊ လမ်းရွာ၊ ရေနံချောင်း၊ မန်း၊ရေနံမ၊ ဒဟက်ပယ်၊ ထောက်ရှာပင်၊ ပြည်၊ မြန်အောင်၊ ရွှေပြည်သာ၊ အဖျောက်၊ ညောင်တုန်းနှင့် သာကြီးတောင်၊ စပယ်မြေများမှ တစ်နေ့လျှင် ရေနံစိမ်းစည် ၁၂၀၀၀ခန့်နှင့် သဘာဝဓာတ်ငွေ့ကုဗပေ သန်းပေါင်း ၁၅၀ကျော် ထုတ်လုပ်ပေးလျက်ရှိသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် တိုးချဲ့လုပ်ဆောင်နိုင်သလို စွမ်းအင်အခြေခံအဆောက်အအုံများဖြစ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကွန်ရက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ကုန်းတွင်းပိုင်းနှင့် ကမ်းလွန် Export Gas Lineများအပါအဝင် မြန်မာနိုင်ငံအောက်ပိုင်းမှ အထက်မြန်မာပြည်ကျောက်ဆည်ဒေသအထိ ဖြန့်ကြက်ထားသည့် ပိုက်လိုင်းအရှည်ပမာဏ ၁၂၉၂ ဒသမ ၃၆ မိုင်ရှိကြောင်း သိရသည်။

တနင်္သာရီကမ်းရိုးတန်း မုတ္တမကမ်းလွန်တွင် မြန်မာ့ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ရတနာသဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ကွက် အမှတ်(၁) ရေနံတူးဖော်စင်ကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ပြည်တွင်းသုံးစွဲမှုဖူလုံစေရန်နှင့် ပြည်ပသို့တင်ပို့နိုင်ကြရန် ကြိုးပမ်းစွမ်းဆောင်ရာ ထိုသဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတွင် ၁၉၈၈–၈၉ခုနှစ်တွင် ကုဗပေ ၃၉၀၈၅သန်းမှ ၂၀၀၅–၂၀၀၆ခုနှစ် စာရင်းအရ ကုဗပေ ၄၂၉၇၈၄သန်းအထိ တိုးချဲ့ထုတ်လုပ်နိုင်ခဲ့သည်။

စွမ်းအင်ကဏ္ဍတွင် အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်းမှာ ပထမကာလတို လေးနှစ်စီမံကိန်းကာလတွင် တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်း ဝ ဒသမ ၄ ရာခိုင်နှုန်း၊ ဒုတိယကာလတို ငါးနှစ်စီမံကိန်းကာလတွင် တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်း ၂၇ ဒသမ ၂ ရာခိုင်နှုန်းနှင့် တတိယကာလတို ငါးနှစ် စီမံကိန်းကာလတွင် တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း ၁၃ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့သည်။

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး အထောက်အကူပြုသည့် လမ်းမကြီးများတွင် သုံးစွဲရန် ကတ္တရာများကို အမှတ်(၁)ရေနံချက်စက်ရုံဝင်း အတွင်းတွင် ကတ္တရာချက်စက်ရုံကို ၁၉၉၉ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် စက်သုံးဆီသုံးစွဲမှုပမာဏ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့သည်။ စွမ်းအင် ဝန်ကြီးဌာနသည် စက်သုံးဆီသုံးစွဲမှု လုံလောက်စွာရှိစေရန် ပြည်တွင်းထုတ်လုပ်မှုများအပြင် ပြည်ပမှ ရေနံစိမ်းနှင့် စက်သုံးဆီများတင်သွင်း၍ ပြည်တွင်းလိုအပ်ချက်ကို အစွမ်းကုန် ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် မြေကြီးမှ ရွှေသီးအောင် စွမ်းဆောင်ပေးနေသလို မြေထဲမှ ရွှေမည်း ထွက်အောင်လည်း ဖော်ဆောင်ပေးလျက်ရှိသည်။ မုတ္တမပင်လယ်ကွေ့တွင် ရတနာကမ်းလွန် ရေနံမြေ၊ ရခိုင်ကမ်းလွန်ပင်လယ်ပြင်တွင် ရွှေ၊ တနင်္သာရီပင်လယ်ပြင်ဆီမှ ရဲတံခွန်အောင်လံတွေလေနှင့်အတူ တလူလူ လွင့်လျက်ရှိနေပေသည်။ နိုင်ငံတကာအဆင့်မီစီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကြီး တစ်ခုပြီးတစ်ခုပေါ်ထွန်းလာခြင်းဖြင့် ပြည်တွင်း၌ စွမ်းအင်ဖူလုံမှုရှိလာပြီး ပြည်မြန်မာ ချမ်းသာကြွယ်ဝရေး ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း တင်ပြလိုက်ရပေသည်။ ။

ညောင်တုန်း၊ ပန်းတနော်၊ မအူပင်ဒေသ ရေနံမြေရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံဓာတ်ငွေ့ရည်စက်ရုံကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)



ရွှေတောင်မြို့ ရွှေမျက်မှန် ဆုတောင်းပြည့်ဘုရား ဘုံနန်းပြာသာဒ်တည်ဆောက်ရေး အလှူငွေများပေးအပ်

ရွှေတောင် အောက်တိုဘာ ၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့ ရေးဟောင်းသမိုင်းဝင် ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရားကြီး ကိန်းဝပ်စံပယ်လျက်ရှိတော်မူသော ဂန္ဓကုဋိတိုက်၏ အထက်ဆင့်၌ ဘုံခုနစ်ဆင့်ပါဝင်သည့် ဘုံနန်းပြာသာဒ်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

ဂုဏ်ပြုလွှာ

အခမ်းအနားတွင် အလှူရှင် ဒေါ်စိန်ရီ ပတ္တမြားတိုက် မြခွာညိုအိမ်ရာ ရန်ကုန်မြို့က ငွေကျပ်ငါးသောင်း၊ ဦးကျော်အေး-ဒေါ်တင်တင်ထွေး (သမီး) မအိမွန်ကျော်၊ မတင်ဇာမွန်ကျော် I-7 ရွှေပုန်းညက်ရိပ်မွန် ရန်ကုန်မြို့က ငွေကျပ်တစ်သိန်း၊ ဆရာဝန်ကြီး ဦးဘိုးသာ-ဒေါ်ခင်ရီတို့အား ရည်စူး၍ ဒေါ်တင်ဆွေသာနှင့်မောင်နှမများက ငွေကျပ်နှစ်သိန်း **(အပေါ်ပုံ)**၊Mr.Takei-Mr.Nakamara, Tokyo, Japan က တစ်သိန်းငါးသောင်း၊ မိဘများအား ရည်စူး၍ ဦးမောင်ကို-ဒေါ်လှလှဝင်း(မြန်မာမှုပန်းတဉ်းလုပ်ငန်း)မိသားစုနှင့် တပည့်များ၊ တိုက်(၄)ကံဘဲ့ စည်ပင်သာယာဝင်း ရန်ကုန်မြို့တို့က ငွေကျပ်နှစ်သိန်းငါးသောင်းပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ် ချီးမြှင့်ကြသည်။

လှူဒါန်းနိုင်

အလှူရှင်များအနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက ဒေါ်ညွန့်ညွန့်ခင် အမှတ် (၁၃၁) အနောက်ဘက်တန်း ဗိုလ်ချုပ်အောင်ဆန်းဈေး မြပိုးထည်တိုက်(မောင့်ကျက်သရေခေါင်းပေါင်း) ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၄၀၂၀၃၊ ဦးကျော်အေး အမှတ်(၁၂၀)၊ ၂၇ လမ်း အလယ်လမ်း(မြေညီထပ်) ရန်ကုန်မြို့ ဖုန်း-၃၇၁၇၄၀ နှင့် ရွှေမျက်မှန်ဘုရားကြီးဂေါပကရုံး ဖုန်း-၀၅၃-၅၅၀၂၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၆)**

ရဲနွယ် ချောင်းကူးတံတားတည်ဆောက်ရန် ပန္နက်ရိုက်

ညောင်လေးပင် အောက်တိုဘာ ၅

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာဒေသ ဇီးဖြူဘုရားကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ရဲနွယ်ချောင်းကူးတံတား တည်ဆောက်ရန် ပန္နက်ရိုက်အခမ်းအနားကို စက်တင်ဘာ ၂၉ရက် နံနက် ၉နာရီ ၄၅မိနစ်က အဆိုပါ တံတားဆောက်လုပ်မည့်နေရာ၌ ကျင်းပသည်။

ပန္နက်ရိုက်

အခမ်းအနားတွင် ဇီးဖြူဘုရားကျေးရွာ ဇေတဝနာရာမကျောင်းတိုက် ဆရာတော် ဦးသီရိ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်း**(ယာပုံ)**နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ပန္နက်များ ရိုက်ပေးကြသည်။

လွယ်ကူစွာ သွားလာနိုင်မည်

အဆိုပါ ရဲနွယ်ချောင်းကူးတံတား အရှည်ပေ ၁၅၀၊ အကျယ် ခြောက်ပေ တည်ဆောက်ပြီးစီးပါက ကျေးလက်နေပြည်သူများ သွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးလက်ပြည်သူများ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၁၃၄)**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အဘိုး၊အဘွားများပူဇော်ပွဲ ပေါက်ခေါင်း၌ကျင်းပ

ပေါက်ခေါင်း အောက်တိုဘာ ၁၀

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၉နာရီက ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့ပေါ်ရပ်ကွက်များမှ အသက် ၈၅နှစ်အထက် အဘိုး၊ အဘွား ၅၀အား ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ အဘိုး၊ အဘွား တစ်ဦးလျှင် ငွေကျပ်ငါးထောင်စီဖြင့် ပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးက ဆုပေးစကားချီးမြှင့်ကာ အခမ်းအနားကို နံနက် ၁၀နာရီခွဲတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ထွေ/အုပ်)**

ရုပ်မြင်သံကြားပြစက်ထားရှိရေး ထီးလင်းမြို့၌ ဆောင်ရွက်

ဂန့်ဂေါ စက်တင်ဘာ ၃၀

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျေးရွာအုပ်စု စာကြည့်တိုက်များ၌ အများပိုင် ရုပ်မြင်သံကြားပြစက်များနှင့် သတင်းစာများထားရှိနိုင်ရေးအတွက် စက်တင်ဘာ ၁၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် မြို့နယ်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဝင်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သက်ကြီးရွယ်အိုများနေ့ လက်ပံတန်း၌ ကျင်းပ

လက်ပံတန်း အောက်တိုဘာ ၅

လက်ပံတန်းမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက်က မအူကုန်းရပ်ကွက် ကန်ကြီးလမ်း ရတနာသီရိ ကိုးနဝင်းဓာတ်ပေါင်းစု စေတီတော်ဓမ္မာရုံ၌ကျင်းပရာ တာဝန်ရှိသူများက အဘိုး ၇၄ဦးနှင့် အဘွား ၁၃၆ ဦးအား ကန်တော့ငွေများ လှူဒါန်းကြကြောင်းသိရသည်။**(မြို့နယ်ပြန်/ဆက်)**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ကလောမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတွင် ခြင်များပေါက်ပွားခြင်းမှ ကာကွယ်ရေး ဆေးငွေ့ဖျန်းစက်ဖြင့် ဆေးငွေ့ဖျန်းမှုလုပ်ငန်းကို စက်တင်ဘာ ၂ ရက်က ကျန်းမာရေးမှူး (၂) ဦးသန့်ဇင်အောင် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့ အမှတ်(၁) ဈေးကြီး၌ ရေစီးရေလာကောင်းမွန်ရန်အတွက် အဖွဲ့ဝန်ထမ်းများ ရေမြောင်းတူးဖော်မှုကို စက်တင်ဘာ ၁၇ရက်က အမှုဆောင်အရာရှိဦးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ပိုင်ပန်းခြံ သာယာလှပရေးနှင့် လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးမှုကို စက်တင်ဘာ ၂၈ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးနိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သက်ကြီးရွယ်အိုများနေ့ တောင်ငူ၌ ကျင်းပ

တောင်ငူ အောက်တိုဘာ ၈

ပဲခူးတိုင်း တောင်ငူခရိုင် တောင်ငူမြို့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာ၌ အောက်တိုဘာ ၁ ရက် နံနက် ၉နာရီက ကျင်းပရာ တက်ရောက်သူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းက သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဘိုး၊အဘွားများအား ဂါရဝပြုလက်ဆောင်ပစ္စည်းများ လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ဇနီး ဒေါ်နန်းရွှေအေးတို့က အသက် ၁၀၁နှစ်ရှိ အဘွားဒေါ်အေးအား ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဦးကျော်ဝင်း (ရှမ်းမင်းသားဟိုတယ်)က အသက် ၁၀၀ရှိ အဘွားဒေါ်စံမယ်အား ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ ခရိုင်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက အဘိုး၊အဘွား ၆၆ ဦးအား တစ်ဦးလျှင် ငွေကျပ်ငါးထောင်စီဖြင့် စုစုပေါင်း ငွေကျပ် ၃၃၀၀၀၀ကို လှူဒါန်း ကန်တော့ကြပြီး နံနက်စာ အာဟာရများဖြင့် ကျွေးမွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နေပြည်တော်မြို့ သာယာလှပရေး ချုံနွယ်များ ရှင်းလင်း

ဓနုဖြူ စက်တင်ဘာ ၂၅

မအူပင်ခရိုင် ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော မြို့သန့်ရှင်းသာယာလှပရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးအတွက် ချုံနွယ်မြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၈ရက်က ဓနုဖြူမြို့နယ် (မင်းပိုင်)အမကဥ္ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးအောင်ကျော်မိုးနှင့် အင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၀၈၅)**

အဘိုးအဘွား မိဘ များ နှင့် မောင်လေး များ ဖြစ်သောဦးညွန့်မောင်၊ ဦးတင်အေး၊ ဦးလှသိန်း တို့အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်၇၈/၅၁လမ်းနေ ဒေါ်လှရီ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကျောက်တံခါးမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရ ထူးချွန်ကျောင်းသူ၊ ကျောင်းသားများအား ဂုဏ်ပြုဆု ချီးမြှင့်

ကျောက်တံခါး အောက်တိုဘာ ၁၂

ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိပြီး ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ရက် နံနက် ၉နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစောဘီသိန်းက ဂုဏ်ပြု ဆုချီးမြှင့်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်က ငါးဘာသာဂုဏ်ထူးရှင် မသီရိစိုးလွင်နှင့် မောင်အောင်ပိုင်ဖြိုးတို့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီ ချီးမြှင့်ပြီး **(ယာပုံ)**၊ လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၇ဦး၊ တိုင်းအဆင့်ပန်းချီ၊ ကွန်ပျူတာ၊ စာစီစာကုံးဆုရကျောင်းသား၊ ကျောင်းသူများနှင့် အောင်ချက်ကောင်းသော ကျောင်းသုံးကျောင်းမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးတို့အား တာဝန်ရှိသူတို့က ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းသို့ ဆေးနှင့်အလှူငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကင်းပြည်သာယာ(ကျိုက္ကဆံစုပါဝမ်း–တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူရှင်များက ဆေးနှင့် အလှူငွေများကို ဗိုလ်တထောင်ဘုရားလမ်း အနော်ရထာအိမ်ရာ တိုက်(၂)နေ ဒေါ်ကြင်တီနှင့်သားသမီးမြေးတစ်စုက ငွေကျပ်နှစ်သိန်း၊ ရွှေဂုံတိုင်တာဝါ တိုက်–ဘီ နေ ဦးကျော်ရွှေအားရည်စူး၍ တူမ ဒေါ်အမာကြည်၊ ဒေါ်ကြည်ကြည်မေက ငွေကျပ်တစ်သိန်း၊ ဦးဇော်ဝင်းမြင့်– ပါမောက္ခရင်ရင်ဇော်၊ သမီး ဝင်းလဲ့ခိုင်က ငွေကျပ်တစ်သိန်း၊ လမ်းမတော်မော်တင်လမ်း အမှတ်(၉၄)နေ ကိုကြင်ဖြိုး–ဒေါ်စန်းစန်းမြင့်က ငွေကျပ်တစ်သိန်း၊ ဘောက်ထော်ပြည်သာယာ ဆေးရုံလမ်းနေ ဦးသက်လွင်–ဒေါ်နွဲ့နွဲ့ရီ၊ သား ဖေယျာမိုးက ငွေကျပ်တစ်သိန်း၊ ဗဟန်း ဝက်ဘာလမ်း ၅/စီနေ ဦးသန်းထွန်း–ဒေါ်ခင်ခင်သန်းက ငွေကျပ်တစ်သိန်း၊ ဒဂုံမြို့နယ် နဝဒေးလမ်းနေ ဦးသက်ဝင်း–ဒေါ်လေးမြင့်က ငွေကျပ်တစ်သိန်း၊ စမ်းချောင်း ကျွန်းတောလမ်း အမှတ်(၈)နေ ဦးမောင်မောင်ကျော်–ဒေါ်နုနုစီက ငွေကျပ်ခြောက်သောင်းနှစ်ထောင်၊ ဗိုလ်တထောင် အနော်ရထာအိမ်ရာနေ (ဦးစိုးညွန့်)– ဒေါ်တင်မိုးသက်က ငွေကျပ်ငါးသောင်း၊ ပန်းဘဲတန်း ကုန်ဈေးတန်း တိုက်(၂) အမှတ်(၁၉၄)နေ ဦးစိန်လှိုင်–ဒေါ်သန်းမြင့်က ငွေကျပ်ငါးသောင်း၊ ရန်ကင်း ပြည်သာယာ သီရိဖေယျာလမ်းနေ ဦးခင်မောင်အေးက ငွေကျပ်ငါးသောင်း၊ သာကေတထူပါရုံ ၆လမ်းနေ မောင်ကောင်းသက်ဟိန်း(မွေးနေ့)က ငွေကျပ်ငါးသောင်း၊ ကျောက်တံတား ၃၃လမ်း နိုင်ကုမ္ပဏီမှ ဦးစိုးတင့်က ငွေကျပ်ငါးသောင်း၊ ဗိုလ်တထောင်ဘုရားလမ်းနေ ဦးမြင့်သောင်း–ဒေါ်ခင်ကြည် မိသားစုက ငွေကျပ်သုံးသောင်း၊ သာကေတဆောက်လုပ်ရေး ကိုယ်ပိုင်အိမ်ရာဝင်းမှ မဖြူမာသွယ်မွန်း(မွေးနေ့)က ငွေကျပ်သုံးသောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၆ရပ်ကွက် နဝရတ်လမ်းနေ ဦးခင်မောင်ဆင့်– ဒေါ်အေးအေးက ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ကုသိုလ်ဖြစ်ဆေးခန်း သုံးထပ်တိုးမြှင့်ဆောက်နှင့် ဆေး၊ ဆေးပစ္စည်းတို့အတွက် လှူဒါန်းလိုသူများ ရွှေပြည်ဟိန်းကျောင်း ဖုန်း– ၅၄၁၄၉၃၊ ၀၉–၅၁၀၂၁၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သွေးလွန်တုပ်ကွေး ရောဂါကာကွယ် တားဆီးရေးအတွက် စာသင်ကျောင်းများ အတွင်း ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို စက်တင်ဘာ ၁၀ရက်က သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချောက် အထက(၁) မြတ်ဆရာပူဇော်ပွဲ

ချောက် အောက်တိုဘာ ၅

မကွေးတိုင်း ချောက်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း လှူဒါန်းလိုသူများ ပါဝင်လှူဒါန်းနိုင်ရန်အတွက် ဒီဇင်ဘာ၃၀ရက် နံနက်၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အသက်၆၀ပြည့် အငြိမ်းစားယူပြီး သက်ရှိထင်ရှား ဆရာ၊ ဆရာမကြီး ၈၅ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးထွေးမောင်(အထက–၂) ဖုန်း–၀၆၁–၂၁၁၀၅၊ ဒေါ်သိန်းငွေ (အထက–၁) ဖုန်း–၀၆၁–၂၁၀၁၅၊ ဦးမျိုးမြင့် ဖုန်း–၀၆၁–၂၂၀၄၄၊ ဦးဌေးနိုင် ဖုန်း–၀၆၁–၂၁၀၂၉၊ ဦးတင်ဦး (ကျော်နည်းပြ) ဖုန်း–၀၆၁–၂၁၇၉၃၊ ဦးငြိမ်း ဖုန်း–၀၆၁–၂၁၇၇၃နှင့် ဦးဝင်းနိုင် ဖုန်း–၀၆၁–၂၁၁၀၀ တို့သို့လည်းကောင်း၊ ချောက်ဘဏ်ခွဲ ငွေစုစာအုပ် အမှတ် SF၃၂၈ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
သီတင်းကျွတ်လဆန်း ၄ ရက်
၁၅–၁၀–၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅	စက်မှုစွမ်းအား ခေတ်ကျော်လွှား (မုံရွာစက်မှုဇုန်ထုတ် ချင်းတွင်းစတား မော်တော်ယာဉ် ထုတ်လုပ်မှုအကြောင်း)
၁၁း၄၀	သုတစုံစွာသိမှတ်စရာ (အေအိုင်ဒီအက်စ်ရောဂါကာကွယ်ဆေးအကြောင်း သိကောင်းစရာ–သိပ္ပံမှူးတင်)
၁၂း၀၀	တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၂း၂၅	အားကစားသတင်းပဒေသာ
၁၂း၄၀	ကျန်းမာရေးရာပြန်ကြားလွှာ
၁၃း၁၀	ပညာရေးအသံလွှင့်အစီအစဉ် (မူလတန်းအထက်ဆင့် မြန်မာစာ–ပုံပြင်သင်ကြားခြင်း)

ညနေပိုင်း

၁၆း၁၀	မြတ်နိုးစရာ ကျေးရွာတေးကဗျာ (၁) မောင်ကြီးမေတ္တာ (ရာဇာဝင်းတင့်) (၂) မြန်မာ့အားအင် (လီလီကြာညွန့်) (၃) ဖွေးဒုတ် (မေချစ်)
၁၇း၃၀	တစ်ပတ်အတွင်းသတင်းပဒေသာ (ပြည်တွင်း)
၁၇း၄၀	မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ကွင်းငါးလည်းကုန် မိုးလည်းကုန်–မင်းသစ္စာလှိုင်–ကဒုံကနိ)
၁၈း၄၅	အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)
၁၉း၁၅	ဆိုင်းပဒေသာ (ဆိုဗီယက်ပြန်ရွာစားကြီး ဒို့–စိန်ကုလား၊ မန္တလေးမြို့ ရွာစားကြီး စိန်မောင်ကို၊ မဟာရန်ကုန် ရွာစားကြီးစိန်လက်သန်း)
၂၀း၃၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) ရွှေလည်တိုင် (တင်တင်မူ) (၂) မျက်ရွဲဒါလီ (ကိုမောင်မောင်) (၃) မှန်ကြိုက်သူ (မြင့်မြင့်စိန်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးသစ်ဆောက်လုပ်မှုနှင့် ဈေးသူဈေးသားများ ဈေးရောင်းချမှုကို အောက်တိုဘာ၂ရက်က ဈေးအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကယားပြည်နယ် ဘော်လခဲ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း ဝန်ထမ်း အိမ်ရာဆောက်လုပ်ရေးအတွက် မြေနေရာ ရွေးချယ်မှုကို ဩဂုတ် ၁၇ ရက်က ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစည်သူ ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်တင်ဦးက ရှင်းလင်းတင်ပြစဉ်။ (က–ပ)

ကျိုင်းတုံ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးသန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးရေမြောင်းဆယ်ယူခြင်းနှင့် ရေဆိုးထုတ်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၅ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးသက်တင်နှင့်အဖွဲ့ဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်ရာသို့ မြို့နယ်အမှုဆောင်အရာရှိ ဦးခင်ကျော်ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကရင်ပြည်နယ် စည်ပင်ညွှန်မှူး မြဝတီမြို့ သုခလမ်းခင်းရန် ကျောက်စုဆောင်းမှု စစ်ဆေး

မြဝတီ စက်တင်ဘာ ၁၀

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သော သုခလမ်း အပိုင်း(၂) ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျောက်စုဆောင်းထားမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဩဂုတ် ၂၄ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏားများ၊ မယုံလေနဲ့ သတိထား

ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကျောင်းသားကျောင်းသူများ စာသင်ပျက်သည်။

ဈေးသည်များ စီးပွားရေးထိခိုက်သည်။

လက်လုပ်လက်စားများ ဝင်ငွေလျော့သည်။

ခရီးသွားလုပ်ငန်းများ အကြီးအကျယ်ထိခိုက်သည်။

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကိုလိုနီနယ်ချဲ့များသာ အကျိုးရှိသည်။

ပြည်တွင်းပြည်ပ အဖျက်သမားများသာ ဒေါ်လာဆုကြေး တစ်ပွေ့တစ်ပိုက်ရရှိသွားကြသည်။